## လှသမိန်

# မြန်မာရာဇဝင်မှတ်စုပေါင်းချုပ်

mgyoe.com

တတိယအကြိမ်

mgyoe.com

မြန်မာရာဇဝင်ကို လေ့လာလိုက်စားသူများ၊
စာသင်သားများ၊ လိုအပ်သည့်အချိန် လိုရာကို ချက်ချင်း ရှာဖွေနိုင်ရန်
ရည်ရွယ်၍ ရာဇဝင်ကျမ်းများ၏ အချက်အလက်၊ မှတ်စုမှတ်တမ်း၊
အဆီအနှစ်တို့ကို တိုက်ဆိုင် စုစည်းပြုစုပေးထားသော
စာအုပ် ဖြစ်ပါသည်။

ရာဇဝင်ဟု ဆိုရာတွင် မင်းမူရေးရာများသာမက
ခေတ်အလိုက် သင့်ရာမှတ်စုများဖြင့်လည်း ဖော်ပြထားရာ
သမိုင်းမှတ်စုလည်း ဖြစ်ပါသည်။

မြန်မာရာဇဝင် တစ်ခုလုံးကို ခြုံ၍ သဘောပေါက်စေရန်နှင့်
လိုရာအချက်တို့ကို အသေးစိတ်မှတ်သားနိုင်ရန် အဓိကထားကာ
ခေါင်းစဉ်များခွဲလျက် ပြုစုထားပါသည်။

# မြန်မာရာဇဝင်မှတ်စုပေါင်းချုပ်

## လှသမိန်

ISBN 9789997111630
HTM20
9 789997 111630
2,800.00KS

mgyoe.com

မြန်မာရာဇဝင်မှတ်စုပေါင်းချုပ်၊ လုသမိန်
စာမျက်နှာ ၂၁၉+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၈ မဟာဝိဇ္ဇာစာပုံနှိပ်တိုက်၏ ဒုတိယအကြိမ်မှ၊
(ပထမနှိပ်ခြင်း - ၁၉၅၆)

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာရာဇဝင်မှတ်စုပေါင်းချုပ်

လှသမိန်

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာစာ က

၁။ မြန်မာရာဇဝင်အချုပ် ၁

– ပထမတကောင်းခေတ် ၁

– ဒုတိယတကောင်းခေတ် ၁

– သရေခေတ္တရာခေတ် ၂

– ပုဂံခေတ် ၂

– ပင်းယခေတ် ၃

– စစ်ကိုင်းခေတ် ၃

– ပထမအင်းဝခေတ် ၄

– တောင်ငူခေတ် ၄

– ဟံသာဝတီခေတ် ၄

– ဒုတိယညောင်ရမ်းခေတ် ၅

– ကုန်းဘောင်ခေတ် ၆

– ဗြိတိသျှခေတ် ၆

– ဂျပန်ခေတ် ၇

– ဒုတိယဗြိတိသျှခေတ် ၈

– ပြည်ထောင်စုခေတ် ၈


mgyoe.com

mgyoe.com


၂။ မြို့တော်များ ၁၀

– တကောင်းမြို့တော် ၁၀

– သထုံမြို့တော် ၁၁

– သရေခေတ္တရာမြို့တော် ၁၁

– ပုဂံမြို့တော် ၁၂

– ပင်းယမြို့တော် ၁၄

– စစ်ကိုင်းမြို့တော် ၁၄

– အင်းဝမြို့တော် ၁၅

– ဟံသာဝတီမြို့တော် ၁၇

– တောင်ငူမြို့တော် ၁၉

– ရွှေဘိုမြို့တော် ၂၀

– အမရပူရမြို့တော် ၂၁

– မန္တလေးမြို့တော် ၂၁

– မြို့တော်ပြောင်းရွှေ့ပုံ ၂၂

၃။ ထွန်းသစ်မှုများ ၂၄

– မြန်မာသက္ကရာဇ် ဖြစ်ပေါ်လာပုံ ၂၄

– လူမျိုးများ ဝင်ရောက်လာပုံ ၂၆

– မြန်မာအက္ခရာ ဖြစ်ပေါ်လာပုံ ၂၉

– ဗုဒ္ဓသာသနာ ဝင်ရောက်လာပုံ ၃၁

– ယဉ်ကျေးမှု ဝင်ရောက်လာပုံ ၃၃

– စာပေတိုးတက်လာပုံ ၃၅

– ကူးသန်းရောင်းဝယ်ပုံ ၄၃

၄။ မင်းများ ဆောင်ရွက်ပုံ ၄၅

– အနော်ရထာ ၄၅

– ကျန်စစ်သား ၄၆

– အလောင်းစည်သူ ၄၇

– တပင်ရွှေထီး ၄၈


mgyoe.com

mgyoe.com
– ဘုရင့်နောင် ၄၈
– သာလွန်မင်းတရားကြီး ၄၉
– အလောင်းမင်းတရား ၅၀
– ဆင်ဖြူရှင်မင်းတရား ၅၀
– ဘိုးတော်ဘုရား ၅၁
– မင်းတုန်းမင်း ၅၁

၅။ ပြည်တွင်းဆက်ဆံရေး ၅၃
– ရခိုင်နှင့် ဆက်ဆံရေး ၅၃
– မွန်နှင့် ဆက်ဆံရေး ၅၄
– ရှမ်းနှင့် ဆက်ဆံရေး ၅၅

၆။ ပြည်ပဆက်ဆံရေး ၅၈
– မဏိပူရနှင့် ဆက်ဆံရေး ၅၈
– သီဟိုဠ်နှင့် ဆက်ဆံရေး ၆၀
– တရုတ်နှင့် ဆက်ဆံရေး ၆၁
– ဥရောပနိုင်ငံသားများနှင့် ဆက်ဆံရေး ၆၂
– ပေါ်တူဂီနှင့် ဆက်ဆံရေး ၆၃
– အင်္ဂလိပ်တို့နှင့် ဆက်ဆံရေး ၆၄
– ပြင်သစ်နှင့် ဆက်ဆံရေး ၆၉
– အမေရိကန်နှင့် ဆက်ဆံရေး ၇၁

၇။ စစ်ပွဲများ ၇၂
မွန်–မြန်မာစစ်ပွဲများ ၇၂
– အနော်ရထာမင်းလက်ထက် ၇၂
– မင်းကြီးစွာစော်ကဲလက်ထက် ၇၂
– ဘုရင်မင်းခေါင်လက်ထက် ၇၄
– ဆင်ဖြူရှင်သီဟသူမင်းလက်ထက် ၇၇
– မင်းကြီးညိုလက်ထက် ၇၇
mgyoe.com

mgyoe.com

– တပင်ရွှေထီးလက်ထက် ၇၇
– ဟံသာဝတီဆင်ဖြူရှင်လက်ထက် ၇၈
– ဟံသာဝတီပါမင်းလက်ထက် ၇၉
– အလောင်းမင်းတရားလက်ထက် ၈၀

ယိုးဒယား–မြန်မာ စစ်ပွဲများ ၈၃
– မင်းတရားရွှေထီးလက်ထက် ၈၃
– ဘုရင့်နောင် (ဟံသာဝတီ ဆင်ဖြူရှင်လက်ထက်) ၈၄
– ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက် ၈၅
– ပြည်မင်းလက်ထက် ၈၆
– အလောင်းဘုရားလက်ထက် ၈၆
– ဆင်ဖြူရှင်လက်ထက် ၈၇
– ဘိုးတော်ဘုရားလက်ထက် ၈၉
– မင်းတုန်းမင်းလက်ထက် ၈၉

တရုတ်–မြန်မာစစ်ပွဲများ ၉၀
– နရသီဟပတေ့မင်းလက်ထက် ၉၀
– စောနစ်မင်းလက်ထက် ၉၁
– ပင်းတလဲမင်းနှင့် ပြည်မင်းလက်ထက် ၉၁
– ဆင်ဖြူရှင်လက်ထက် ၉၂

အင်္ဂလိပ်–မြန်မာစစ်ပွဲများ ၉၄
– ဘကြီးတော်မင်းလက်ထက် ၉၄
– ပုဂံမင်းလက်ထက် ၉၆
– သီပေါမင်းလက်ထက် ၉၇

စာချုပ်များ ၁၀၀
ဂ။ အင်္ဂလိပ်-မြန်မာ စာချုပ်များ ၁၀၀
– အလောင်းမင်းတရား လစ်စတာစာချုပ် ၁၀၀

mgyoe.com

mgyoe.com
– ရန္တပိုစာချုပ် ၁၀၁
– ဆောအတွင်းဝန်–ကရောဖွတ်စာချုပ် ၁၀၂
– မင်းတုန်း ဖယ်ယာ စာချုပ် ၁၀၃
– မင်းတုန်း ကာနယ်ဖိုက် စာချုပ် ၁၀၃
– အောင်ဆန်း အက်တလီ စာချုပ် ၁၀၄
– နု–အက်တလီစာချုပ် ၁၀၅
– လက်ျာဖရီးမင်းစာချုပ် ၁၀၆
– မြန်မာဂျပန် စာချုပ် ၁၀၇

၉။ ဝေဖန်ဆန်းစစ်ချက်များ ၁၀၉
– သရေခေတ္တရာ ပျက်စီးရခြင်းအကြောင်း ၁၀၉
– သထုံကို အောင်နိုင်ရခြင်း အကျိုးအကြောင်း ၁၁၀
– ပုဂံပြည် ပျက်စီးရခြင်းအကြောင်း ၁၁၁
– တောင်ငူ အင်အားကြီးမားလာရခြင်းအကြောင်း ၁၁၃
– ဟံသာဝတီ ပျက်စီးရခြင်းအကြောင်း ၁၁၅
– ညောင်ရမ်းမင်းဆက် ပျက်စီးရခြင်းအကြောင်း ၁၁၆
– အလောင်းဘုရား အောင်နိုင်ရခြင်းအကြောင်း ၁၁၇
– မြန်မာနိုင်ငံ တိုင်းတစ်ပါး လက်အောက်သို့ ကျရောက်ရခြင်းအကြောင်း ၁၁၉
– မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိနိုင်ခြင်း အကြောင်း ၁၂၁
– မြန်မာမင်းများလက်ထက် အုပ်ချုပ်ပုံအကြောင်း ၁၂၃

၁၀။ အကြောင်းအရာချုပ်များ ၁၂၉
– ရှင်အရဟံ ၁၂၉
– ပုံ့သုကူမဟာထေရ် ၁၃၀
– ဒိသာပါမောက်–ဆရာတော် ၁၃၁
– စွယ်ကြိုးသူမြတ် ၁၃၁
– အရည်းကြီး ၁၃၂
– အာနန္ဒာစေတီ ၁၃၃
mgyoe.com

mgyoe.com


– ရာဇသင်္ကြံ ၁၃၄
– ကုဗလခန် ၁၃၅
– သိုဟန်ဘွား ၁၃၅
– ဒီဗရစ်တို (ဇေင်ကာ) ၁၃၆
– ရှင်စောပု ၁၃၇
– ရှင်ဘို့မယ် ၁၃၈
– မိဖုရားစော ၁၃၈
– သမိန်ဗရမ်း ၁၃၉
– ဒလပန်း ၁၄၀
– မဟာဗန္ဓုလ ၁၄၀
– မြဝတီမင်းကြီး ၁၄၁
– ကင်းဝန်မင်းကြီး ၁၄၂
– ဆာအာသာဖယ်ယာ ၁၄၃
– မြစေတီကျောက်စာ ၁၄၄
– ကလျာဏီကျောက်စာ ၁၄၅

စစ်တမ်းများ ၁၄၆
– သာလွန်မင်း၏စစ်တမ်း ၁၄၆
– ဘိုးတော်ဘုရားလက်ထက် ၁၄၆
– မှန်နန်းရာဇဝင် ၁၄၆
– သင်္ဂါယနာ ၁၄၈
– ဗြိတိသျှကိုယ်စားလှယ်များ ၁၄၉
– မေဂျာဂျွန်ကရောဖို့ ၁၅၀
– ဒေါက်တာ–ယုဒသန် ၁၅၀
– ဟင်နရီဘာနေ ၁၅၁
– ကပ္ပိတန်ဆိုင်း ၁၅၂
– အရှေ့အိန္ဒိယကုမ္ပဏီ ၁၅၃
– ဂျီစီဘီအေ ၁၅၄
– ၂၀–ပြည့်နှစ် သပိတ်အရေး ၁၅၆


mgyoe.com

mgyoe.com

– ဒိုင်အာခီ ၁၅၇
– ခွဲရေးတွဲရေး ၁၅၈
– ၉၁ ဌာန အုပ်ချုပ်ရေး ၁၅၉

လွှတ်တော် ၁၆၀
– ရှေးမြန်မာဘုရင်ခေတ်လွှတ်တော် ၁၆၀
– ကုန်းဘောင်ခေတ်လွှတ်တော် ၁၆၁
– ဗြိတိသျှလက်ထက်လွှတ်တော် ၁၆၁
– တိုင်းပြုပြည်ပြုလွှတ်တော် ၁၆၁
– ပြည်ထောင်စုလွှတ်တော် ၁၆၂
– နေသူရိန် အစည်းအဝေး ၁၆၃
– ရွှေတိဂုံ ညီလာခံ ၁၆၃
– ပင်လုံညီလာခံ ၁၆၄
– ၂၁ ဦး ၁၆၅
– ရဲဘော်သုံးကျိပ် ၁၆၅
– ဗိုလ်ချုပ်အောင်ဆန်း ၁၆၆

* နောက်ဆက်တွဲ မှတ်စုများ ၁၆၉
– မြန်မာနိုင်ငံ သာသနာပိုင်များ ၁၇၀

ဆွေတော်စဉ်ပုံပြ ၁၇၃
– ပုဂံမင်းဆက် ဆွေတော်စဉ် ၁၇၃
– ပင်းယမင်းဆက် ဆွေတော်စဉ် ၁၇၄
– စစ်ကိုင်းမင်းဆက် ဆွေတော်စဉ် ၁၇၅
– အင်းဝမင်းဆက် ဆွေတော်စဉ် ၁၇၆
– အင်းဝ မိုးညှင်းမင်း ဆွေတော်စဉ်အဆက် ၁၇၇
– ဟံသာဝတီ မွန်မင်းဆက် ဆွေတော်စဉ် ၁၇၈
– တောင်ငူမင်းဆက်နှင့် ညောင်ရမ်းမင်းဆက် ဆွေတော်စဉ် ၁၇၉
– ကုန်းဘောင်မင်းဆက် ဆွေတော်စဉ် ၁၈၀

mgyoe.com

mgyo.com

မင်းစဉ်မင်းဆက်များ ၁၈၁
- ပထမ တကောင်းမင်းဆက် ၁၈၁
- ဒုတိယ တကောင်းမင်းဆက် ၁၈၁
- သရေခေတ္တရာမင်းဆက် ၁၈၂
- ပုဂံမင်းဆက် ၁၈၃
- ဒုတိယ သရေခေတ္တရာမင်းဆက် ၁၈၆
- ပင်းယမင်းဆက် ၁၈၇
- စစ်ကိုင်းမင်းဆက် ၁၈၇
- အင်းဝ ပထမ မင်းဆက် ၁၈၈
- အင်းဝ ဒုတိယ မင်းဆက် (ညောင်ရမ်း) ၁၈၉
- တောင်ငူမင်းဆက် ပထမ ၁၈၉
- တောင်ငူမင်းဆက် ဒုတိယ ၁၉၁
- ဟံသာဝတီမင်းဆက် (မြန်မာဘုရင်များ) ၁၉၁
- ကုန်းဘောင်မင်းဆက် ၁၉၂
- ဗြိတိသျှလက်ထက် မြန်မာနိုင်ငံကို အုပ်ချုပ်သူများ ၁၉၃
- မွန်မင်းဆက် ၁၉၅
- ဝါရီရူမွန်မင်းဆက် ၁၉၆
- ရခိုင်မင်းဆက် ၁၉၇
- သထုံမင်းဆက် ၂၀၁

* အထွေထွေ မှတ်စုများ ၂၀၃
- အမည်တူမင်းများ၊ မင်းသားများ ၂၀၃
- အနော်ရထာလက်ထက် လယ်တွင်း ၁၁–ရွာ ၂၀၄
- ပုဂံပြည်တည်စ ၁၉–ရွာ ၂၀၄
- အနော်ရထာလက်ထက် နယ်ခြားကင်း ၄၃–မြို့ ၂၀၄
- ရွှေဘိုနယ် ပဥ္စလ ၅–မြို့ ၂၀၅
- စာဆိုတော်ဘုရင်များ ၂၀၅
- သီပေါမင်းလက်ထက် ၁၀–ခရိုင် ၂၀၅
- သီပေါမင်းလက်ထက် အုပ်ချုပ်ရေး ၁၄ – ဌာန ၂၀၆

mgyo.com

mgyoe.com

– မြန်မာမင်းလက်ထက် ဘွဲ့မည်ပေးပုံ ၂၀၆
– ပြည်ထောင်စုခေတ် ဘွဲ့မည်ပေးပုံ ၂၀၇
– ဘွဲ့များ ၂၀၇
– ပြည်ထောင်စုခေတ် စစ်တပ်ရာထူးများ ၂၀၈

* မေးခွန်းများ ၂၀၉
– ၁၉၄၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ မက်ထရစ် တက္ကသိုလ်ဝင် အစိုးရ စာမေးပွဲ မြန်မာရာဇဝင် မေးခွန်းများ ၂၀၉

* မြေပုံများ ၂၁၆

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

မြန်မာနိုင်ငံ စာသင်ကျောင်းများတွင် အလယ်တန်း၊ တက္ကသိုလ်ဝင်နှင့် တက္ကသိုလ်ဘွဲ့ယူ စာမေးပွဲများအတွက် မြန်မာရာဇဝင်ကို စိတ်ကြိုက်ရွေးရာ ဘာသာတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းသင်ကြား၍ စစ်မေးလေရာ ထိုကျောင်းသူကျောင်းသားများအတွက်သော် လည်းကောင်း၊ မြန်မာနိုင်ငံသားအနေဖြင့် မြန်မာရာဇဝင်ကို လေ့လာလိုက်စား အပ်သည့်အတိုင်း မြန်မာနိုင်ငံသား တစ်ရပ်လုံးအတွက်သော် လည်းကောင်း လွယ်လင့်တကူ လိုရာကို ကောက်နုတ် မှတ်သားနိုင်စေရန်အတွက် ရာဇဝင်ကျမ်းများ၏ အဆီအနှစ် သို့မဟုတ် မှတ်စုမှတ်တမ်းများကို စုဆောင်းရွေးထုတ်၍ ကျမ်းတစ်စောင် တစ်ဖွဲ့ပြုစုရန် လွန်ခဲ့သော နှစ်များစွာကပင် ရည်စူးမိခဲ့လေသည်။

မြန်မာရာဇဝင်ကို လေ့လာသင်ကြားရာ၌ ရှေးဟောင်းရာဇဝင်ကျမ်းကြီးများမှ ထုတ်နုတ်၍ သင်ကြားလွယ်ကူအောင် ပြုပြင်ရေးသားခဲ့သော ရာဇဝင်ကျမ်းများ ပေါ်ပေါက်လာခဲ့သဖြင့် များစွာပင် အထောက်အပံ့ရ၍ ရှင်းလင်းလွယ်ကူလျက် ရှိခဲ့လေသည်။ သို့ရာတွင် ရာဇဝင်တစ်လျှောက်လုံးကို လေ့လာရာ၌သာ လွယ်ကူ၍ လိုရာ အချက်အလက်များကို ထုတ်နုတ် သိမှတ်လိုသောအခါ တစ်ဦးချင်းစီ ကိုယ်တိုင်ကိုယ်ကျ ရှာဖွေစုဆောင်းဖွဲ့စပ်၍ လေ့လာမှတ်သားကြရသဖြင့် ထိုသို့မှတ်သားရာတွင် လွယ်ကူစေရန် အကူအညီတစ်ရပ်မှာ မုချပင် လိုအပ်ခဲ့

mgyoe.com

mgyoe.com

ပြန်လေသည်။ အချို့ စာသင်ကျောင်းများတွင် ကိုယ်တိုင် အားထုတ် လေ့လာ၍ မှတ်စုထုတ်နုတ် သင်ကြားပေးသော ဆရာများလည်း ရှိစေကာမူ အချို့သော စာသင်ကျောင်းများတွင်ကား ကျောင်းသားတို့ ကိုယ်တိုင် ရှာဖွေစုဆောင်း မှတ်သားလျက် ရှိကြရသည်ကို သတိပြုမိလေသည်။ အမှန်အားဖြင့် ထိုမှတ်စုတို့ကို ထုတ်နုတ်ရာတွင် အချိန်ကုန် ပင်ပန်းသည်သာမက ကျောင်းသားများအနေဖြင့် ရာဇဝင်ကျမ်းပေါင်း စုံလင်စွာကို ရှာဖွေလေ့လာရန်လည်း အခွင့်မသာရှိကြပေရာ ထို ကျောင်းသားများနှင့်တကွ ရာဇဝင်ရေးရာ၌ တစ်ခဏချင်းဖြင့် လိုရာကို လွယ်ကူစွာ လေ့လာခွင့်ရယူလိုကြသော ဗဟုသုတ လိုလားသူတို့ အတွက်ပါ မှတ်စုကျမ်းများမှာ ပိုမိုအရေးကြီး လိုအပ်လျက်ရှိသဖြင့် အားလပ်ချိန်ရသမျှကို အသုံးချကာ ဤရာဇဝင် မှတ်စုပေါင်းချုပ်ကို ပြုစုလိုက်ရပေသည်။

ဤမှတ်စုပေါင်းချုပ်သည် ရာဇဝင်မှတ်စုကျမ်းများစွာ၏ နောက်မှပင် ထွက်ပေါ်လာခဲ့ရစေကာမူ ဤမှတ်စုမျိုး ထပ်မံပေါ်ထွက်ရန် လိုအပ်သည် မလိုအပ်သည်ကို ဤမှတ်စုများကပင် အဆုံးအဖြတ် ပြုနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဤမှတ်စုပေါင်းချုပ်တွင် မြန်မာရာဇဝင်တစ်စောင်လုံးကို အကြမ်းအားဖြင့် သဘောပေါက်စေရန်နှင့် လိုရာအချက်များတွင် အသေးစိတ် မှတ်သားနိုင်ရန် အဓိကထား၍ ခေါင်းစဉ်များ ခွဲခြားပြုစုထားသည့်ပြင် သက္ကရာဇ်အားလုံးကို မြန်မာသက္ကရာဇ်ဖြင့်ပင် ပြဆိုထား၍ ခရစ်နှစ်ကို သိရှိလိုသူများမှာ အလွယ်နှင့်ပင် တွက်ယူနိုင်မည် ဖြစ်လေသည်။ မှတ်စုများကို စုံလင်အောင် ဖော်ပြထားသော်လည်း ကျောင်းသားများ အတွက် ဤအခြေခံမှတ်စုများကို မူတည်၍ မှတ်မိသလောက်ကို မိမိဗဟုသုတများနှင့် ချဲ့၍မေးရာကို ဆွဲယူဖြေဆိုနိုင်ပေသည်။

ဤမှတ်စုပေါင်းချုပ်ကို ပြုစုရာတွင် အင်္ဂလိပ် မြန်မာ နှစ်ဘာသာရေး ရာဇဝင်များစွာကို လေ့လာရှာဖွေ ကောက်နုတ်၍ ပြုစုပေရာ ထိုရာဇဝင်ပညာရှင်များစွာ၏ ကျေးဇူးနှင့် မကင်းကြောင်းကိုလည်း ဝန်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

ရာဇဝင်မှတ်စုဟု ဆိုရာတွင် မင်းမူရေးရာများသာ မဟုတ်ဘဲ မျက်မှောက်ခေတ်အထိ သင့်ရာ မှတ်စုများလည်း ပါဝင်၍ သမိုင်းသဘော သက်ဝင်လျက် ရှိသော်လည်း အတိတ်ရာဇဝင်ခေတ်ကို အခြေပြုထားသည့်အတိုင်း ရာဇဝင်မှတ်စု ပေါင်းချုပ် ဟူ၍သာ ကမ္ပည်းတပ်လိုက်ရသည်။

ရာဇဝင်ရေးရာကို လေ့လာလိုက်စားကြခြင်းဖြင့် အနာဂတ်ခေတ်ကို ထူထောင်ရာ၌ အထောက်အပံ့ရကြပါစေသတည်း။ ။

လှသမိန်
ပထမနှိပ်ခြင်း ၁-၄-၅၆
ဒုတိယနှိပ်ခြင်း ၁-၁၁-၅၈

❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

[၁]

# မြန်မာရာဇဝင်အချုပ်

## (တကောင်းခေတ်မှ ပြည်ထောင်စုခေတ်အထိ)

## ပထမတကောင်းခေတ်

မြတ်စွာဘုရား ပွင့်တော်မမူမီက အိန္ဒိယနိုင်ငံတွင် ပဥ္စလရာဇ်မင်းက ကောလိယ သာကီဝင်မင်းတို့ထံ သမီးကညာတောင်းရာမှ မချေမင ပြန်ကြားသဖြင့် စစ်ခင်းကြရာ သာကီဝင်တို့ ရှုံးနိမ့်ကာ ကွဲပြားပြေးလွှားကြပြီး (အဘိရာဇာ) အမည် ရှိသော သာကီဝင်မင်း သည် မြန်မာနိုင်ငံတွင်းသို့ လာရောက်၍ သင်္ကဿရဋ္ဌ တကောင်းပြည်ကို တည်ထောင်စိုးစံ နေလေသည်။

ထို့နောက် အဘိရာဇာနတ်ရွာစံလျှင် သားတော်ကံရာဇာကြီးက ကလေး တောင်ညို ကို ရာဇဂြိုဟ် သမုတ်ကာ စံ၍ သူ၏သား မုဒုစိတ္တက ကျောက်ပန်းတောင်းမြို့တည် စိုးစံပြီးနောက် ဓညဝတီတွင် ဆက်လက် မင်းပြုသည်။ သားတော်ငယ် ကံရာဇာငယ်က တကောင်းတွင် ဆက်လက်အုပ်စိုးရာ မင်း ၃၃ ဆက် အလွန်တွင် စိန့်ပြည် ဂန္ဓာလရာဇ် မင်းက တိုက်ခိုက်သဖြင့် ဘိန္နကရာဇာမင်းလက်ထက်၌ တကောင်းပြည် ပျက်စီးလေသည်။

## ဒုတိယတကောင်းခေတ်

မြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလ၌ သာဝတ္ထိပြည် ပသေနဒီ ကောသလမင်းက ကပိလဝတ်ပြည် မဟာနာမမင်းထံ သမီးကညာ တောင်းရာမှ မင်းသမီးစစ်ကို မပေးဘဲ ကျွန်မကို ပေးလေသည်။ ထိုကျွန်မကို မိဖုရားမြှောက်၍ သား ဝိဋဋူဘကို ဖွားမြင်ရာ သားတော် အရွယ်ရောက်၍ ကပိလဝတ်ပြည်သို့ ကန်တော့လာရာ မင်းသားကို ကျွန်မျိုးဟု

mgyoe.com

mgyoe.com

မချေမင် ပြုသဖြင့် မင်းဖြစ်သော် စစ်ပြုလေလျှင် သာကီဝင်တို့ ပျက်စီး ပြေးလွှားရပြန်လေသည်။ ထိုအခါ (ဓဇရာဇာ) မည်သော သာကီဝင်မင်းသည် ရခိုင်ပြည်၌ မောရိယမြို့ကို တည်ထောင်နေပြီး မြန်မာနိုင်ငံသို့ဝင်လာရာ ပထမ တကောင်းနောက်ဆုံးမင်း ဘိန္နကရာဇာမင်း၏မိဖုရား နာဂဆိန်နှင့် တွေ့ဆုံသင့်မြတ်၍ အညာပုဂံကို တည်ထောင်သည်။

ထို့နောက် သားတော် ဝိရာဂကို ဖွားမြင်ပြီးသော် ပထမ တကောင်းပြည်ကို ပဥ္စာလရာဇ်ပြည် သမုတ်၍ စံကာ သတိုးဓမ္မာဒိပဓဇဘွဲ့ခံလေသည်။ ထိုမင်းမှစ၍ စိုးစံခဲ့ရာ နောက်ဆုံးမင်း ၁၇ ဆက်မြောက် သတိုးမဟာမင်းလက်ထက်တွင် သားသမီးမရှိ၍ ယောက်ဖတော် ခေပဒူတကို အိမ်ရှေ့ပေးသည်။ သာသနာ နှစ် ၄၀ ပြည့်နှစ်တွင် ခေပဒူတသည် ဝက်ကြီးကို လိုက်ရင်း ဧရာဝတီမြစ်ကြောင်းစုန်၍ သရေခေတ္တရာတည်မည့်နေရာသို့ ရောက်လျှင်မပြန်ဘဲ ရသေ့ပြု၍နေသည်။ ထို့နောက်တွင် သတိုးမဟာရာဇာ၏ မိဖုရား၌ မျက်မမြင်သားနှစ်ပါးကို ဖွားမြင်ရာ ခမည်းတော် မနှစ်သက်၍ ဝှက်ထားရာမှ အသက် ၂၀ အရွယ်တွင် သိရိကာ ဖောင်နှင့် မျှောစေသည်။

မင်းသားတို့ မျောလာရာ လမ်းတွင် စန္ဒမုခိဘီလူးမ ကုသ၍ မျက်စိမြင်ကာ ဦးရိုးရသေ့၏ သမီး ဗေဒါရီနှင့် တွေ့ကာ သာသနာနှစ် ၆၀ တွင် ဦးရိုးတော်၏ ခွင့်ပြုချက်အရ အစ်ကိုကြီး မဟာသမ္ဘဝနှင့် ထိမ်းမြားကာ သရေခေတ္တရာမြို့တည်၍ စိုးစံလေသည်။

## သရေခေတ္တရာခေတ်

ထိုနည်းအားဖြင့် သကျအင်းအရပ်ရှိ ပျူတို့ကို မဟာသမ္ဘဝက အုပ်ချုပ်နေပြီး ၆ နှစ်အကြာ၌ မဟာသမ္ဘဝလွန်၍ ညီတော် စူဠသမ္ဘဝက ဗေဒါရီကို မိဖုရားမြှောက်ရာ သားတော် ဒွတ္တပေါင်မင်းသားကို ဖွားမြင်လေသည်။ ထိုဒွတ္တပေါင်မင်းသားသည် ခမည်းတော် နတ်ရွာစံသော် ဆက်စံအုပ်ချုပ်လေရာ အစဉ်အတိုင်းအားဖြင့် မဟာသမ္ဘဝမှ ၂၇ ဆက်မြောက် သုပညာနဂရဆိန္နမင်းလက်ထက်တွင် မြို့ရွာတိမ်ကောလာရာမှ လူများ ထိတ်လန့်ပြေးလွှားကာ ပြည်ပျက်လေသည်။ ထိုနှစ်ကား သာသနာ ၁၆ ခုနှစ် ဖြစ်၏။

## ပုဂံခေတ်

ထို့နောက် ၁၃ နှစ်အကြာ သာသနာ ၂၉ နှစ်တွင် သုပညာနဂရဆိန္နမင်း၏ တူတော် သမုတိရာဇ်မင်းသားလည်း ယုန်လွတ်ကျွန်း အရပ်၌ ရွာ ၁၉ ရွာ စုပေါင်း၍ မြို့တည်စိုးစံခဲ့ရာ တတိယနန်းဆက် ပျူစောထီးမင်းလက်ထက်တွင် ထိုမြို့ကို အရိမဒ္ဒနပူရ ဟု သမုတ်လေသည်။

mgyoe.com

ထို့နောက် သေဉ်လည်ကြောင်မင်း လက်ထက်တွင် လောကနန္ဒာအရပ်၌ သီရိပစ္စယာအမည်ဖြင့် ဒုတိယ ပုဂံမြို့သစ်တည်ကာ ဆက်လက်စိုးစံ၏။

ထို့နောက် ၁၂ ဆက်မြောက် သိုက်တိုင်မင်းလက်ထက်တွင် ရွာစိုက်ရွာနေရာ၌ တမ္ပဝတီအမည်ဖြင့် တတိယ ပုဂံမြို့သစ်တည်ကာ ဆက်လက်စိုးစံ၏။

ထို့နောက် ၃၄ ဆက်မြောက် ပျဉ်ပြားမင်းလက်ထက်တွင် နဂါးဆိုင်ရွာနေရာ၌ ပုဏ္ဏာဂါမ စတုတ္ထပုဂံမြို့သစ် တည်ထောင်ပြန်ကာ ဆက်လက်စိုးစံရာ ပုဂံသက္ကရာဇ် ၆၄၅ ခုနှစ်၊ ၅၂ ဆက်မြောက် နရသီဟပတေ့လက်ထက်တွင် တရုတ်တို့ တိုက်ခိုက်၍ မင်းကိုယ်တိုင် ပုသိမ်သို့ စုန်ပြေးရလေ၏။ ပုဂံမြို့လည်း ပျက်လုနီးပါးဖြစ်၏။ ထို့နောက် တရုတ်တို့ ပြန်သွားသော် နရသီဟပတေ့ ပုဂံသို့ပြန်လာရာ လမ်းတွင် သားတော်သီဟသူ လုပ်ကြံသဖြင့် ပြည်မြို့၌ နတ်ရွာစံရ၏။ ထို့နောက် သီဟသူ အနိစ္စရောက်ရာ နရသီဟပတေ့၏ သားငယ်ကျော်စွာက ပုဂံပြည်သို့ ပြန်၍ စိုးစံ၏။

ကျော်စွာမင်း၏နောက်တွင် သားစောနစ်နှင့် မြေးစောမွန်နစ်တို့ ဆက်လက် စိုးစံကြ၏။ သို့ရာတွင် ပုဂံမှာ မစည်ပင်တော့သည်သာမက နရသီဟပတေ့လက်ထက် မြောက်စားထားသော ရှမ်းသိခ်ဗိုလ်၏သား အသင်္ခယာရာဇသင်္ကြန်နှင့် သီဟသူတို့က မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်မြို့များတွင် မင်းပြိုင် စိုးစံနေကြရာ၌ စည်ပင်နေတော့သဖြင့် ပုဂံခေတ်မှာ ၇၃၀ ပြည့်နှစ်တွင် မင်းဆက်ပြတ်ကာ နောင်သော် ပင်းယ၊ စစ်ကိုင်းနှင့် အင်းဝမင်းတို့၏ လက်အောက်ခံသာ ဖြစ်ခဲ့ရလေသည်။

## ပင်းယခေတ်

ရှမ်းညီနောင် သုံးယောက်တို့သည် မြို့ ၃ မြို့တွင် အပြိုင်မင်းပြုကြရာမှ ၅ နှစ်ကြာသော် ရာဇသင်္ကြန် အနိစ္စရောက်လေ၍ သီဟသူက အသင်္ခယာကို ဆေးခတ်လုပ်ကြံပြီးလျှင် တစ်ဦးတည်းကျန်သော် သက္ကရာဇ် ၆၇၂ ခုနှစ်တွင် ပင်းယမြို့ကို တည်၍ စံနေလေ၏။ ထို့နောက် မင်း ၆ဆက်မြောက် ဥဇနာပြောင်လက်ထက် ၇၂၆ ခုနှစ်တွင် အင်းဝကို တည်ထောင်သော မင်းမျိုးမင်းနွယ် သတိုးမင်းဖျားက တိုက်ယူ၍ ပင်းယပျက်လေသည်။

## စစ်ကိုင်းခေတ်

စစ်ကိုင်းခေတ်မှာ ပင်းယနှင့် ခေတ်ပြိုင် ဖြစ်လေသည်။ ပင်းယ သီဟသူတွင် သား ၄ ယောက် ရှိရာ အငယ်ဆုံး အသင်္ခယာစောယွန်းအား စစ်ကိုင်းမြို့ကိုပေး၍ မင်းပြိုင်ပြုစေလေသည်။ ထိုမှစ၍ စစ်ကိုင်းတွင် မင်း ၇ ဆက် မင်းပြောက်လက်ထက် ၇၂၆ ခုနှစ်တွင် ပင်းယနှင့် တစ်ချိန်တည်းပင် သတိုးမင်းဖျား တိုက်ယူ၍ စစ်ကိုင်းပျက်လေသည်။

mgyoe.com

## ပထမ အင်းဝခေတ်

ပင်းယနှင့် စစ်ကိုင်းခေတ် ကုန်လုနီး၌ စစ်ကိုင်းအသခ်ယာ စောယွန်းမြေး တကောင်းမင်းသွေးပါသူ သတိုးမင်းဖျားသည် သက္ကရာဇ် ၇၂၆ ခုနှစ်တွင် အင်းဝမြို့ကို တည်ထောင်စိုးစံလေသည်။ ထိုမှစ၍ အင်းဝမင်း ၁၃ ဆက်မြောက် ရွှေနန်းကြော့ရှင် နရပတိလက်ထက် သက္ကရာဇ် ၈၈၈ ခုနှစ်တွင် ရှမ်းများ လာရောက်တိုက်ခိုက်၍ ရှမ်းမင်းသိုဟန်ဘွား ဆက်လက် အုပ်စိုးလေသည်။

သိုဟန်ဘွားကို မင်းကြီး ရန်နောင်ဆိုသူ မြန်မာအမတ်က လုပ်ကြံပြီးနောက် အုန်းဘောင်ခုံမှိုင်းကို နန်းတင်လေသည်။ ထို့နောက် သားမိုးဗြဲနရပတိ၊ ထို့နောက် စည်သူကျော်ထင်၊ အသီးသီး ဆက်လက် အုပ်စိုးရာ စည်သူကျော်ထင်လက်ထက် ၉၁၆ ခုနှစ်တွင် ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင် တိုက်ခိုက်၍ သိမ်းယူလေသည်။

## တောင်ငူခေတ်

ဟံသာဝတီမင်းဆက်၏ အစဖြစ်သော တောင်ငူမင်းဆက်ကို ရှေးဦးစွာ ဖော်ပြရန်လိုလေသည်။ တောင်ငူမင်းဆက်မှာ ပုဂံမင်း ၄၈ မြောက် နရပတိစည်သူလက်ထက် အနန္တသူရိယအမတ်၏ မျိုးရိုးဖြစ်သော သဝန်ကြီး သဝန်ငယ်တို့က တောင်ငူ၌ မြို့တည်၍ နန်းစံခဲ့ရာ ပုဂံခေတ်၊ ပင်းယခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်တို့နှင့် ခေတ်ပြိုင် ဖြစ်လေသည်။

တောင်ငူ ၂၉ ဆက်မြောက် မင်းကြီးညိုမှာ အင်းဝရွှေနန်းကြော့ရှင်နှင့် နန်းပြိုင်ဖြစ်လေသည်။ ရွှေနန်းကြော့ရှင်က တောင်ငူကို တိုက်သော်လည်း မအောင်မြင်ချေ။

ထို့နောက် အင်းဝ ရွှေနန်းကြော့ရှင်ကို ရှမ်းတို့ တိုက်၍ အင်းဝကို သိမ်းသောအခါ အင်းဝမှ မြန်မာတို့ တောင်ငူမင်းကြီးညိုထံသို့ ခိုဝင်ကြ၍ တောင်ငူမှာ အင်အားကောင်းလာလေသည်။ မင်းကြီးညို လွန်သော် သားတော် တပင်ရွှေထီး နန်းတက်လေသည်။ တပင်ရွှေထီးလွန်သော် ဆင်ဖြူရှင် ဘုရင့်နောင် နန်းတက်၍ အင်းဝစည်သူကျော်ထင်ကို တိုက်ယူလေသည်။ ထိုအခါ အင်းဝသည် ဆင်ဖြူရှင် ဘုရင့်နောင် လက်အောက်သို့ ကျရောက်လေသည်။

## ဟံသာဝတီခေတ်

ဟံသာဝတီခေတ်တွင် သမလ၊ ဝိမလ မင်းညီနောင်တို့ တည်ထောင်ခဲ့သည်မှစ၍ မင်း ၁၇ ဆက်မြောက် တိဿမင်းလက်ထက် ဟံသာဝတီမြို့ တိမ်ကောသွားပြီးနောက် ဝါရီရူမွန်မင်းဆက်သည် ၆၄၃ ခုနှစ်တွင် တောင်ငူ သဝန်ကြီးနှင့်သော် လည်းကောင်း၊ ပုဂံ တရုတ်ပြေးမင်းနှင့် သော်လည်းကောင်း နန်းပြိုင်ပြု၍ တည်ထောင်လေသည်။

mgyoe.com

mgyoe.com

ထိုမင်းမှစ၍ ၇ ဆက်မြောက် ဗညားဦးလက်ထက် ၇၁၅ ခုနှစ်တွင် ဟံသာဝတီ မြို့သစ်တည်၍ မွန်မင်းများ ဆက်လက်အုပ်ချုပ်ရာ ဗညား ၁၁ ဆက် သုရှင်တကာရွတ်ပိ လက်ထက် ၈၉၉ ခုနှစ်တွင် တောင်ငူတပင်ရွှေထီး တိုက်ခိုက်၍ မွန်မင်းဆက် ပြတ်လေရာ တပင်ရွှေထီး နတ်ရွာစံသော် တောင်ငူတွင် မင်းရဲသိခ်သူနှင့် ထို့နောက် သီဟသူ ဆက်လက် စိုးစံ၍ တပင်ရွှေထီးကို ဆက်ခံသော ဆင်ဖြူရှင် ဘုရင့်နောင်က ၉၂၈ ခုနှစ်တွင် ဟံသာဝတီ မြို့သစ်တည်၍ စိုးစံလေသည်။

ဟံသာဝတီ ဘုရင့်နောင်လက်ထက်တွင် အင်းဝ၌ ညီသမက် သတိုးမင်းစောကို မြို့စားထားလေသည်။ တောင်ငူတွင် သီဟသူကို ချီးမြှောက်ထားလေသည်။ ဘုရင့်နောင် နတ်ရွာစံသော် သားတော် နန္ဒဘုရင်သည် ဟံသာဝတီတွင် ဆက်လက် စိုးစံရာ သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် ရခိုင်ဘုရင် မင်းရာဇာက တောင်ငူဘုရင်နှင့် ပူးပေါင်း၍ ဟံသာဝတီကို တိုက်ခိုက်သဖြင့် ဟံသာဝတီပျက်ကာ မင်းဆက် ပြတ်လေသည်။

## ဒုတိယညောင်ရမ်းခေတ်

ဟံသာဝတီ မပျက်မီကပင် ဘုရင့်နောင်၏ သားတော် မင်းရဲရန္တမိတ်သည် အင်းဝ၌ လူသူစုဆောင်း၍ ၉၉၅ ခုနှစ်ကပင် အင်းဝ၌ တစ်ထီးတစ်နန်း စံနေလေသည်။ ပထမ အင်းဝခေတ် စည်သူကျော်ထင်လက်ထက် ၉၁၆ ခုနှစ်တွင် ဘုရင့်နောင် သိမ်းယူပြီးသည့် နောက် အင်းဝ၌ သတိုးမင်းစော ၎င်းနောက် တပင်ရွှေထီး၏သား လက်ျာ၊ ၎င်းနောက် ငါးဆူဒါယကာ နန္ဒဘုရင်၏ သား၊ မင်းရဲကျော်စွာတို့ ဆက်လက် အုပ်ချုပ်ပြီးနောက် ၉၅၅–မှ ၉၅၉ အထိ မင်းမရှိဘဲနေလေရာ မင်းရဲရန္တမိတ် စတင်ထူထောင်သောအခါမှ တိုးတက် စည်ပင်လာလေသည်။ ဟံသာဝတီ ပျက်သောအခါ ညောင်ရမ်းမင်းဆက်မှာ မြန်မာတစ်နိုင်ငံလုံးကို ဩဇာလွှမ်းမိုးလာလေသည်။

မင်းရဲရန္တမိတ်နောက်တွင် ၁၀–ဆက်မြောက် မဟာဓမ္မရာဇာမင်း လက်ထက်အထိ ငြိမ်းချမ်းခဲ့၏။ ထိုမဟာဓမ္မရာဇာမင်း (ဟံသာဝတီပါမင်း) လက်ထက် ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီမှ မွန်တို့က တိုက်ခိုက်၍ ဒုတိယ အင်းဝပျက်ပြန်လေသည်။

ပထမ ဟံသာဝတီသည် နန္ဒဘုရင်လက်ထက်တွင် ပျက်ပြီးနောက် အင်းဝလက်အောက် ခံ ဖြစ်နေရာမှ ၁၁၀၂ ခုနှစ်တွင် မွန်သမိန်ထောနှင့် ဗညားဒလတို့က စိုးမိုးကာ အင်းဝကိုပင် တိုက်ယူပြန်လေသည်။ သို့ရာတွင် ၁၁၁၉ ခုနှစ်၌ ရွှေဘိုမှ အလောင်းဘုရား၏ နှိမ်နင်းခြင်း ကို ခံရလေသည်။

mgyoe.com

## ကုန်းဘောင်ခေတ်

ဒုတိယ အင်းဝခေတ် မဟာဓမ္မရာဇာလက်ထက် မွန်တို့ တိုက်ယူ၍ အင်းဝ ပျက်လေသော် အင်းဝမိုးညှင်းမင်းနှင့် ပြည်စုန်မင်းတို့၏ အဆက်အနွယ်ဖြစ်သော အလောင်းမင်းတရား ဦးအောင်ဇေယျသည် ကုန်းဘောင် ရွှေဘိုမြို့မှ မွန်တို့ကို ခုခံတိုက်ဖျက်၍ ၁၁၁၅ ခုနှစ်တွင် မြို့တော် ထူထောင်ကာ နောက်ဆုံး ဟံသာဝတီကိုပါ သိမ်းပိုက်နိုင်ပြီး ကုန်းဘောင်မင်းဆက်ကို တည်ထောင်လေသည်။

အလောင်းမင်းတရားမှ ၁၁–ဆက်မြောက် သီပေါမင်းလက်ထက် ၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ်တို့က တိုက်ခိုက်သိမ်းယူသဖြင့် ကုန်းဘောင်မင်းဆက် ပြတ်လေသည်။

အင်္ဂလိပ်တို့မှာ မြန်မာပြည်ကို စစ် သုံးကြိမ်ပြုရာတွင် ဘကြီးတော်မင်းလက်ထက် ၁၁၈၇ ခုနှစ်၌ မဏိပူရနှင့် ကချာနယ်ကို စွန့်လွှတ်ရသည့်ပြင် ရခိုင်နှင့် တနင်္သာရီနယ်များကို အင်္ဂလိပ်တို့ သိမ်းယူခြင်း ခံရလေသည်။ ပုဂံမင်းလက်ထက် ၁၂၁၄ ခုနှစ်တွင် အောက်မြန်မာနိုင်ငံ ပဲခူးနယ်ကို စွန့်လွှတ်ရ၍ သီပေါမင်းလက်ထက် ၁၂၄၇ ခုနှစ်တွင် တစ်ပြည်လုံးကို သိမ်းယူခြင်း ခံရလေသည်။

## ဗြိတိသျှခေတ်

မြန်မာနိုင်ငံ ဗြိတိသျှ အစိုးရက သိမ်းယူပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး ဆာချားဘာနဒ် အုပ်ချုပ်ခဲ့ပြီး ၁၂၅၉ ခုနှစ်တွင် ဒုတိယဘုရင်ခံ အုပ်ချုပ်ရေး အဆင့်အတန်းသို့ ပြောင်းလဲအုပ်ချုပ်လေရာ ၁၂၃၃ ခုနှစ် (၁၈၆၁) တွင် အတည်ပြုသော အိန္ဒိယ ဥပဒေပြု အဖွဲ့အစည်းဆိုင်ရာ အက်ဥပဒေပုဒ်မ ၃၉ အရ ပထမဆုံး နိုင်ငံဥပဒေအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်လေသည်။ ထိုဥပဒေပြုအဖွဲ့ဝင် ၉ ဦးလုံးကို ဒုတိယ ဘုရင်ခံကချည်း ခန့်ထားလေသည်။

၁၂၇၁ ခုနှစ် မင်တိုမော်လီ ပြုပြင်အုပ်ချုပ်ရေး စနစ်အရ အမတ်ဦးရေ ၃၀ ရွေးကောက်တင်မြှောက်နိုင်ခွင့်ရသည့် အနက် တိုင်းပြည်မှ ၁၅ ယောက်သာ ရွေးကောက် တင်မြှောက်ရလေသည်။ ထို့နောက် ၁၂၇၇ ခုနှစ်တွင် အတည်ပြုသော အိန္ဒိယအက်ဥပဒေ အဖွဲ့အစည်းဆိုင်ရာ ဥပဒေအရ အမတ် ၂၈ ယောက် ရွေးကောက် တင်မြှောက်ခွင့်ရ၍ ၁၂၈၁ ခုနှစ် ဥပဒေအရမူကား မြန်မာနိုင်ငံကို ၁၂၈၅ ခုနှစ်မှစ၍ ပြည်သူပြည်သားနှင့် အစိုးရ ခွဲဝေအုပ်ချုပ်သော (ဒိုင်အာခီ) အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လေသည်။ ထိုမှစ၍ မြန်မာပြည်ကို ဘုရင်ခံအုပ်ချုပ်သော တိုင်းပြည်အဆင့်သို့ ပြောင်းလဲပေးလေသည်။

ထို့နောက် ၁၂၉၉ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယပြည်နှင့် ခွဲထုတ်၍ ၉၁ ဌာန အုပ်ချုပ်ရေးဖြင့် သီးခြား အုပ်ချုပ်ရာတွင် အမတ်ပေါင်း ၁၃၂ ယောက် ပါဝင်သော

mgyoe.com

mgyoe.com
အထက်အောက် လွတ်တော်နှစ်ရပ်ဖြင့် အုပ်ချုပ်လေသည်။ ထိုမှစ၍ ၁၃၀၉ ခုနှစ် ဒုတိယ ကမ္ဘာစစ်ဖြစ်သည်အထိ ထိုနည်းအတိုင်းပင် အုပ်ချုပ်လေသည်။

ဗြိတိသျှလက်အောက်တွင် ၁၂၃၇ ခုနှစ်ကစ၍ လွတ်လပ်ရေးအတွက် အနယ်နယ်မှ မြန်မာသူရဲကောင်းများ အသီးသီး တော်လှန်ကြရာ ဗြိတိသျှတို့မှာ မပြတ်မလပ် ကာကွယ်နေခဲ့ရလေသည်။ ထို့နောက်တွင် ၁၂၇၃ ခုနှစ်၌ အသင်းအပင်းများဖွဲ့၍ လွတ်လပ်ရေးအတွက် အနုနည်း ကြိုးပမ်းကြရာ ၁၂၈၁ ခုနှစ်တွင် အင်္ဂလန်သို့ မြန်မာကိုယ်စားလှယ်များ စေလွှတ်၍ စတင် အရေးဆိုလေသည်။ အကြိမ်ကြိမ်ပင် သွားရောက် အရေးဆိုသော်လည်း မထူးခြားခဲ့ပေ။ ၁၂၈၂ ခုနှစ်တွင် ကျောင်းသား သပိတ်ကြီး ပေါ်ခဲ့လေသည်။ ၁၂၉၂ ခုနှစ်တွင် ဆရာစံ ဦးစီးသော တောင်သူလယ်သမားတို့၏ လွတ်လပ်ရေးအတွက် တော်လှန်မှု အရေးတော်ပုံ ပေါ်ပေါက်လေသည်။ ၁၃၀၀ ပြည့်နှစ်တွင် ကျောင်းသား၊ အလုပ်သမား၊ လယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ပြန်လေသည်။ လွတ်လပ်ရေးအတွက် စိတ်ဓာတ်ပြင်းထန်လျက် ရှိလေသည်။

၁၃၀၂ ခုနှစ်တွင် ဂျပန်သည် ဗြိတိသျှနှင့် အမေရိကန်တို့က စစ်ကြေညာခြင်းဖြင့် မြန်မာနိုင်ငံသည် အာရှတိုက် ဒုတိယကမ္ဘာစစ် နယ်တွင်းသို့ ကျရောက်ခဲ့လေသည်။ ထိုသို့မကျရောက်မီ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်သို့ တိတ်တဆိတ် ထွက်သွားကာ စစ်အတတ်သင်ပြီးနောက် ယိုးဒယား (ထိုင်းနိုင်ငံ) မှ တစ်ဆင့် ဗမာ့လွတ်လပ်ရေးအဖွဲ့ ဖွဲ့ကာ ဂျပန်၏ အကူအညီဖြင့် တနင်္သာရီဘက်မှ ဝင်ရောက်လာခဲ့ကြရာ ဘုရင်ခံဆာဒေါ်မန်စမစ် လက်ထက်တွင် ဗြိတိသျှတပ်များ တစ်စတစ်စ ဆုတ်ခွာ၍ နောက်ဆုံး မြန်မာနိုင်ငံကို စွန့်လွှတ်သွားရသည်။

## ဂျပန်ခေတ်

၁၃၀၄ ခုနှစ်မှစ၍ ဗြိတိသျှတို့ အဆုတ်တွင် မြန်မာနိုင်ငံကို ဂျပန်တို့ ကူညီသိမ်းယူပေးရာမှ လွတ်လပ်ရေး အယောင်ပြကာ ဖက်ဆစ်စနစ်ဖြင့် ၃ နှစ်ကြာမျှ စိုးမိုးမင်းမူနေပြန်သဖြင့် ၁၃၀၇ ခုနှစ် (၂၇–၃–၄၅) တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာမျိုးချစ်များက စနစ်တကျ တော်လှန်တိုက်ထုတ်ရလေသည်။ ထိုအချိန်တွင် ဗြိတိသျှမဟာမိတ်များ ဝင်ရောက်လာကာ ဂျပန်လက်နက်ချ၍ ဒုတိယကမ္ဘာစစ် ပြီးဆုံးသော်လည်း မြန်မာပြည်ကို ဆက်လက် သိမ်းယူထားကြပြန်လေသည်။

mgyoe.com

mgyoe.com

## ဒုတိယဗြိတိသျှခေတ်

စစ်ပြီးဗြိတိသျှခေတ်မှာ အခိုက်အတံ့မျှသာ ကြာရှည်လေသည်။ ရှေးဦးစွာ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်၍ ၁၃၀၇ ခုနှစ် (၉-၁၀-၄၅) တွင် စစ်အုပ်ချုပ်ရေး ကုန်ဆုံးသောအခါ ထိုနှစ်တွင် ဘုရင်ခံ ဒေါ်မန်စမစ် ပြန်ရောက်လာ၍ ဆာပေါ်ထွန်း အစိုးရအဖွဲ့ကို ဖွဲ့လေသည်။ ထိုအချိန်တွင် ဖက်ဆစ်ကို တော်လှန်မောင်းထုတ်ခဲ့သော အင်အားစုများသည် ဗိုလ်ချုပ်အောင်ဆန်းကို ခေါင်းဆောင်တင်ကာ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး (ဖဆပလ) အဖွဲ့ချုပ်ကို ဖွဲ့စည်းလျက် လုံးဝ လွတ်လပ်ရေးအတွက် အရေးဆိုလျက် ရှိကြလေသည်။

ထိုအရေးဆိုမှုကြောင့် ဗြိတိသျှအစိုးရက မြန်မာ ခေါင်းဆောင်များကို ဖိတ်ခေါ်၍ လန်ဒန်မြို့၌ ဆွေးနွေးကာ အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုလျက် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူခွင့်နှင့် တောင်တန်းနယ်များ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကို အခြေခံ ရရှိခဲ့လေသည်။ ၁၃၀၈ ခုနှစ် တပို့တွဲလတွင် ပင်လုံညီလာခံ၌ တောင်တန်းနယ်များက မြန်မာပြည်မကြီးနှင့် တစည်းတလုံးတည်း ပြည်ထောင်စုအဖြစ် ရပ်တည်လျက် လွတ်လပ်ရေး ရယူရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးအချို့ လုပ်ကြံခံရ၍ အနိစ္စရောက်ကြလေရာ သခင်နု (ဦးနု) ခေါင်းဆောင်လျက် ဗြိတိသျှနှင့် ဆက်လက် ဆွေးနွေးကာ နုအက်တလီစာချုပ် ချုပ်ဆိုခဲ့ပြီး ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် (၄-၁-၄၈) တွင် အာဏာလွှဲပြောင်းယူ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပေါ်ပေါက်လာခဲ့လေသည်။

## ပြည်ထောင်စုခေတ်

လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ်သို့ ရောက်ရှိလာသောအခါ စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား) မှာ ပထမဆုံး မြန်မာနိုင်ငံတော် သမ္မတကြီးဖြစ်လာ၍ သခင်နုမှာ ပထမဝန်ကြီးချုပ် ဖြစ်လာလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ထိုနှစ်အတွင်းမှာပင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာ၍ ပြန်လည်ထူထောင်ရေးကို အဘက်ဘက်မှ ဆောင်ရွက်ခဲ့လေသည်။

လွတ်လပ်ရေးရပြီး မကြာမီပင် နိုင်ငံရေးအယူဝါဒကွဲသူအချို့ လက်နက်ကိုင်တော်လှန်ကြလေသည်။ သို့ရာတွင် နှစ်အနည်းငယ်အတွင်း ငြိမ်ဝပ်သွား၍ တိုင်းပြည်အေးချမ်းသာယာလျက် ရှိလေသည်။

mgyoe.com

ပထမ သမ္မတကြီး သက်တမ်းကုန်ဆုံးသောအခါ ဒေါက်တာဘဦးမှာ သမ္မတကြီး ဖြစ်လာ၍ သခင်နု (ဦးနု) ပင်လျှင် ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်ခဲ့ရလေသည်။

❒

mgyoe.com

mgyoe.com

# [၂]
# မြို့တော်များ

## တကောင်းမြို့တော်
## (ဘုရားမပွင့်မီ–သာသနာ ၆၀ နှစ်။ ၄၀၀–ခန့်)

တကောင်းမြို့မှာ ယခုအခါ ကသာခရိုင် မိုးကောင်းနယ်အတွင်း ဧရာဝတီမြစ်ကမ်း၌ ရှိလေသည်။

မြတ်စွာဘုရား ပွင့်တော်မမူမီက အိန္ဒိယနိုင်ငံတွင် ကောလိယမင်းနှင့် ပဉ္စလရာဇ်မင်းတို့ စစ်ဖြစ်ကြရာ ကောလိယမင်း အရေးနိမ့်လျှင် အဘိရာဇာမည်သော သာကီဝင်မင်းမျိုးတို့သည် မြန်မာနိုင်ငံဘက်သို့ ကူးဝင်လာကာ ဧရာဝတီမြစ်ကမ်းရှိ သင်္ကဿရဋ္ဌမည်သော တကောင်းပြည်ကို တည်ထောင်အုပ်စိုးလေသည်။

ထိုမှစ၍ မင်းပေါင်း ၃၃–ပါး ဆက်လက်အုပ်စိုးရာ ဘိန္နကရာဇာမင်း လက်ထက်တွင် ဂန္ဓာလရာဇ်စိန့်ပြည်က နှောင့်ယှက်၍ တကောင်းမြို့ ပျက်လေသည်။

ထို့နောက် မြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည် ဝိဋူဍူဘနှင့် ကပိလဝတ်ပြည် သာကီဝင်မင်းတို့ တိုက်ခိုက်ကြရာ ဓဇရာဇာမည်သော သာကီဝင်မင်းသည် အရေးနိမ့်၍–မြန်မာနိုင်ငံရခိုင်တိုင်း ဒေသဆီသို့ ခိုဝင်ပြီး မောရိယမြို့ကို တည်ထောင်လေသည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အတွင်းဘက်သို့ ရောက်လာရာ နတ်ရွာစံ ဘိန္နကရာဇာမင်းကြီး၏ မိဖုရား နာဂဆိန်နှင့်တွေ့၍ ပေါင်းဖက်ပြီး သင်္ကဿရဋ္ဌ တကောင်းပြည်ကို ပဉ္စာလရာဇ်ပြည်ဟု သမုတ်၍ ဒုတိယအကြိမ် တည်ထောင်စိုးစံပြန်လေသည်။ ပဉ္စာတကောင်းဟုတွင်၏။

ထိုမင်းသည် သတိုးဇမ္ဗူဒီပ ဓဇရာဇာ အမည်ခံယူ၍ အုပ်စိုးခဲ့ရာ သားစဉ်

mgyoe.com

mgyoe.com
မြေးဆက်မင်း ၁၇–ဆက်မြောက် သတိုးမဟာရာဇာလက်ထက် သာသနာနှစ် ၆၀ ပြည့်နှစ် အထိ ရှည်ကြာခဲ့လေသည်။ မြို့တော်သက် နှစ်ပေါင်း ၄၀၀–ခန့်ဟု ခန့်မှန်းရလေသည်။

ထို့နောက်တွင် တကောင်းမင်းသတိုး မဟာရာဇာ၏ သားတော် မဟာသမ္ဘဝသည် ဦးရီးတော် ခေပဒူတ၏ သမီး ဗေဒါရီနှင့်စုံဖက်၍ သရေခေတ္တရာ မြို့တော်ကို တည်ထောင်သောကြောင့် တကောင်းမြို့တော်မှာ ခေတ်တိမ်ကောသွားခဲ့လေသည်။

* * *

## သထုံမြို့တော်

## (သာသနာ ၁၃၇–ကောဇာ ၄၁၉)

သထုံမြို့မှာ ယခုအခါ–စစ်တောင်းမြစ်ဝကျွန်းပေါ်၌ တည်ရှိလေသည်။

သထုံမြို့ကို–ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်း သက္ကရာဇ် ၉၄–ခု တွင် မွန်တို့ တည်သည်ဟု ဆိုလေသည်။ သာသနာနှစ် မစမီ ၅၄–နှစ်ခန့် စောလေသည်။

သာသနာနှစ် ၁၃၇–ခုနှစ်တွင် သထုံပြည်ကို ရေလွှမ်းမိုး၍ ၁၄၄–ခုနှစ်တွင်မှ ကေလာသတောင်အနီးတွင် မြို့သစ်တည်ကာ သုဓမ္မဝတီဟု သမုတ်လေသည်။ ထိုမြို့တွင် မင်း၁၀–ဆက်အုပ်စိုးပြီးမှ မြို့ဟောင်းတွင် တစ်ဖန် မြို့တော် တည်ကြပြန်လေသည်။ သထုံတွင် မင်း ၅၉–ဆက် စိုးစံခဲ့ကြ၍ ၄၁၉–ခုနှစ် မနူဟာမင်းလက်ထက်တွင် ပုဂံ အနော်ရထာမင်း တိုက်ခိုက်သိမ်းယူသည်မှအစ မြို့တော်သက် ကုန်ဆုံးလေသည်။ နောင်စိုးစံသော မွန်မင်းများမှာလည်း မုတ္တမနှင့် ဟံသာဝတီတို့ကိုသာ မြို့တော်ပြုလုပ်သဖြင့် သထုံသည် မြို့တော်အဖြစ်သို့ ပြန်မရောက်တော့ပေ။ နှစ်ပေါင်း ၁၄၀၀–ကျော်မျှ စည်ပင်ခဲ့လေသည်။

မွန်ရာဇဝင်၌–သထုံမြို့ကို – သီဟရာဇာမင်းဆက်–၆–ဆက်မြောက် ဥပဒေဝမင်းက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနှစ် ၂၀၀–ကျော်ခန့်၌ တည်သည်ဟု ဆို၏။

* * *

## သရေခေတ္တရာမြို့တော်

## (သာသနာ ၁၀၁–ကောဇာ ၆၃၈)

သရေခေတ္တရာမြို့သည် ယခုအခါ ပြည်ခရိုင် မှော်ဇာမြို့အနီး၌ တည်ရှိလေသည်။

တကောင်းမင်း သတိုးမဟာရာဇာ၏ သားတော် မဟာသမ္ဘဝသည်– ညီတော် စူဠသမ္ဘဝနှင့်အတူ– ဧရာဝတီမြစ်စဉ်အတိုင်း ဖောင်နှင့်မျောလာရာ ဖိုးဦးတောင်အနီး ဒေသသို့ ရောက်သောအခါ တောဝက်ကြီးကို လိုက်လံတိုက်ခိုက်ရင်း ထိုဒေသသို့ ရောက်
mgyoe.com

mgyoe.com
နှင့်ပြီး ရသေ့ပြု၍နေသော ဦးရီးတော်ခေပဒူတ၏ သမီးဗေဒါရီနှင့် တွေ့ဆုံကာ စုံဖက်၍ မြို့သစ် တည်ထောင်လျက် စိုးစံခဲ့လေသည်။

ထို့နောက် မဟာသမ္ဘဝနတ်ရွာစံလျှင် ညီတော်စူဠသမ္ဘဝက ဆက်လက် စိုးစံပြီး နောက် မဟာသမ္ဘဝ၏သား ဒွတ္တပေါင်မင်းက သာသနာနှစ် ၁၀၁–ခုတွင် ဆက်လက် စိုးစံ၍ (သီရိခေတ္တရာ) သရေခေတ္တရာဟု သတ်မှတ်လျက် မြို့တော်သစ်အဖြစ် မွမ်းမံ တည်ထောင် ပြန်လေသည်။ ထိုမှစ၍သုပညာ နဂရဆိန္နမင်းလက်ထက် သာသနာနှစ် ၆၃၈ သုမုန္ဒရီမင်း ဖြိုကြွင်းသက္ကရာဇ် ၁၆ ခုနှစ်အထိ ဒွတ္တပေါင်မင်းဆက် ၉ ပါး၊ ၄တပါး မင်းဆက် ၁၆ ပါး၊ ပေါင်း ၂၇ ပါးတိုင်တိုင် နှစ်ပေါင်း ၅၇၈–နှစ်မျှ မြို့တော်အဖြစ် တည်ခဲ့လေသည်။

သက္ကရာဇ် ၁၆ ခုနှစ်တွင်ကား ကမ်းယံနှင့်မွန်တို့ နှောင့်ယှက်သဖြင့် သရေခေတ္တရာ ပြည် ပျက်စီးလေသည်။ ထိုမှနောက်တွင် သုပညာနဂရဆိန္နမင်း၏တူ သမုတိရာဇ်မင်းက ပုဂံမြို့ကို ဆက်လက် တည်ထောင်သဖြင့် သရေခေတ္တရာ မြို့တော်မှာ မင်းငယ်နှင့် မြို့စား များသာ ဆက်လက်စိုးစံခြင်းခံရ၍ မြို့တော်အဖြစ်သို့ ပြန်မရောက်ခဲ့တော့ပေ။

* * *

## ပုဂံမြို့တော်
## (သရေခေတ္တရာ နှစ် ၂၉– ပုဂံနှစ် ၇၃၀)

ပုဂံမြို့မှာ ယခုအခါတွင် မြင်းခြံခရိုင် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ညောင်ဦးမြို့ အောက်ဘက် ၃–မိုင်ခန့်တွင် တည်ရှိလေသည်။

ပုဂံမြို့ကို ပထမစတင်တည်ထောင်သူမှာ သမုတိရာဇ်မင်း ဖြစ်လေသည်။ သုမုန္ဒရီ မင်း ဖြိုကြွင်းသက္ကရာဇ်ကို ၁၆–ခုနှစ်၌ သရေခေတ္တရာပြည် ပျက်စီးခဲ့သည့်နောက်တွင် သရေခေတ္တရာမှ ပြေးခွာခဲ့သူများသည် တောင်ညို ဟူသော အရပ်၌ လည်းကောင်း၊ ထိုမှတစ်ဆင့် သက်သာပန်းတောင်းအရပ်၌ လည်းကောင်း မြို့ရွာ တည်ထောင်နေကြပြီး နောက် သက္ကရာဇ်တို ၂၉–နှစ်တွင် အကြီးအကဲဖြစ်သော သမုတိရာဇ်မင်း (သရေခေတ္တရာ– သုပညာ နဂရဆိန္နမင်း၏တူ) သည် ရွာကြီး ၁၉–ရွာကို ပေါင်းစုအုပ်ချုပ်ကာ (ယုန်လွတ် ကျွန်း) ဟူသော အရပ်တွင် မြို့တော် တည်စိုက်ခဲ့လေသည်။ ထိုမြို့ကို တတိယ နန်းဆက် ဖြစ်သော ပျူစောထီးလက်ထက်တွင် အရိမဒ္ဒနပူရအမည် သမုတ်လေသည်။ မင်း ၆–ပါး စိုးစံခဲ့၏။ မြို့သက် ၂၃၇–နှစ်။

ယင်းသက္ကရာဇ် ၂၆၆–ခုနှစ် သေဉ်လည်ကြောင်မင်းလက်ထက်တွင် ထိုနေရာမှ ရွှေ့ပြောင်း၍ (လောကနန္ဒာ) မည်သော ကျောက်စကားအရပ်သို့ ရွှေ့ကာ သီရိပစ္စယာ

mgyoe.com
အမည်ဖြင့် ဒုတိယအကြိမ် မြို့တော်သစ် တည်ဆိုက်ပြန်လေသည်။ မင်း– ၅ ပါး စိုးစံခဲ့၏။ မြို့သက် ၁၇၂–နှစ်။

ယင်းသက္ကရာဇ် ၄၃၈–ခုနှစ် သိုက်တိုင်မင်းလက်ထက်တွင် ထိုနေရာမှ (ရွာစိုက်ရွာ) နေရာသို့ ပြောင်း၍ တမ္ပဝတီအမည်ဖြင့် တတိယအကြိမ် မြို့တော်သစ် တည်ဆိုက်ပြန်လေသည်။ (မင်း ၂၂–ပါး) စိုးစံခဲ့၏။ မြို့သက် ၃၄၃–နှစ်။

ပုပ္ပားစောရဟန်းမင်း ဖြို့ကြွင်းသက္ကရာဇ် ၂၂၁–ခုနှစ် (၇၈၁–ခုနှစ်) ပျူပြားမင်း လက်ထက်တွင် ထိုနေရာမှ (နဂါးဆိုင်)ခေါ်ရွာနေရာသို့ ရွှေ့ပြောင်း၍ ပုဏ္ဏာဂါမ၊ ပုကံ၊ ပုဂံ၊ ပေါက္ကံ စသည် ခေါ်တွင်သော ပုဂံမြို့တော်ကို စတုတ္ထအကြိမ် တည်ဆိုက်ပြန်လေသည်။ မင်း ၂၂–ပါး စိုးစံခဲ့၏။ မြို့သက် ၅၀၉–နှစ်။

စတုတ္ထပုဂံပြည်တွင် ပျူပြားမင်းမှ စောမွန်နစ်အထိ မင်း ၂၂–ဆက် သက္ကရာဇ် ၇၃၀–ပြည့်နှစ်အထိ အုပ်စိုးခဲ့ရာ သမုဒ္ဒရာဇ်မင်း တည်ထောင်သည်မှစ၍ မင်း ၅၅–ဆက် စိုးစံခဲ့၍ မြို့သက် ၁၂၆၁–နှစ် ရှည်ကြာခဲ့လေသည်။

ပုဂံပြည်မှာ နရသီဟပတေ့မင်း၏ လက်ထက်တွင် တာတာခေါ် တရုတ်တရက်တို့ ဖျက်ဆီးခံရသည့်ပြင် သားတော်ကျော်စွာမင်း လက်ထက်တွင် ကျော်စွာမင်းကို ညီနောင်များ ဖြစ်ကြသော အသင်္ခယာ၊ ရာဇသင်္ကြန်နှင့် သီဟသူတို့က နန်းချပြီး ပင်းယတွင် ထီးနန်းအပြိုင် မင်းပြုခဲ့ကြပြန်ရာမှ ပင်းယတွင် စည်ပင်ထွန်းကားလာခဲ့သဖြင့် ကျော်စွာမင်း၏ သားတော် စောနစ်မင်းနှင့် မြေးတော် စောမွန်နစ်မင်းတို့ လက်ထက်တွင် ပုဂံပြည်မှာ စည်ကားမှု ဆုတ်ယုတ်လာခဲ့ရာမှ ပုဂံမင်းဆက် ပြတ်ကာ မင်းနေပြည်အဖြစ်မှ လျှော့ကျသွားခဲ့ရလေသည်။

(အတိုမှတ်ချက်)

၂၉။ ပထမပုဂံ အရိမဒ္ဒနာ၊ ယုန်လွှတ်ကျွန်း မင်း ၆။
၂၃၇–နှစ်ကြာ။

၂၆၆။ ဒုတိယပုဂံ သီရိပစ္စယာ၊ လောကနန္ဒာရပ် မင်း ၅။
၁၇၂–နှစ်ကြာ။

၄၃၈။ တတိယပုဂံ တမ္ပဝတီ၊ ရွာစိုက်ရွာ၊ မင်း ၂၂။
၃၄၃–နှစ်ကြာ။

၂၂၁။ စတုတ္ထပုဂံ ပုဏ္ဏာဂါမ၊ နဂါးဆိုင်ရွာ၊ မင်း ၂၂။
၅၀၉–နှစ်ကြာ။
(မင်းဆက် ၅၅။ မြို့တော်သက်ပေါင်း ၁၂၆၁)

* * *

mgyoe.com

## ပင်းယမြို့တော်

## (၆၇၄–၇၂၆)

ပင်းယမြို့ကို စတင်တည်ထောင်သူမှာ သီဟသူမင်း ဖြစ်လေသည်။ ပုဂံပြည်တွင် ၅၂–ဆက်မြောက် နရသီဟပတေ့မင်းလက်ထက်၌ သခ်ဗိုလ်အမည်ရှိ ရှမ်းစော်ဘွားတစ်ဦး ခိုမှီလာရောက်နေထိုင်ရာ ထိုစော်ဘွား၏ သားသုံးယောက်ဖြစ်သော အသခ်ယာ၊ ရာဇ သင်္ကြန်၊ သီဟသူတို့သည် နရသီဟပတေ့ မင်းထံ၌ ခစားကြလေသည်။ ထိုမင်းလွန်၍ ကျော်စွာမင်း နန်းတက်တော်မူသောအခါ ရှမ်းညီနောင်သုံးဦးအား မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်မြို့များကို အသီးသီး စားစေလေသည်။

ထိုညီနောင် သုံးဦးတို့သည် သစ္စာမဲ့၍ ကျော်စွာမင်းကို နန်းချကာ မိမိတို့ မြို့များ တွင် ထီးနန်းပြိုင် စိုးမိုးကြလေသည်။ ထို့နောက် ၅–နှစ်ကြာသော် ရာဇသင်္ကြန် အနိစ္စ ရောက်လေသည်။ ၁၂–နှစ်ကြာသော် သီဟသူက အသခ်ယာအား အဆိပ်ခတ်၍ သတ်ဖြတ် ကာ တစ်ဦးတည်းသောမင်း ဖြစ်လာလေသည်။ ထိုသို့ မင်းဖြစ်ပြီးနောက် ၂–နှစ်အကြာ ၆၇၄–ခုနှစ်တွင် ပင်းယမြို့တော်ကို တည်လေသည်။ မြို့တည်ရန် တူးသောအခါ အရိုး အခက် အရွက်အသီးနှင့်တကွ ရွှေပန်းပင်ရ၍ ပန်းရဟု ခေါ်တွင်ရာမှ ပင်းယဟု တွင်လေ သည်။ မြို့မည်ကို ဝိဇယပူရဟူ၍ သမုတ်လေသည်။

သီဟသူနောက် မင်း ၅ ဆက်မြောက် နရသူ၏ လက်ထက်တွင် ရှမ်းသိုချည်ဘွားက တိုက်ခိုက်ဖမ်းသွားသဖြင့် နောင်တော် ဥဇနာပြောင်က ဆက်လက် စိုးစံရာ တကောင်း မြို့စား သတိုးမင်းဖျားက လုပ်ကြံ၍ မင်းပြုကာ အင်းဝမြို့တော်သစ် တည်ထောင်စံနေသဖြင့် ၇၂၆–ခုနှစ်တွင် ပင်းယမြို့တော် တိမ်ငုပ်ရလေသည်။ မြို့တော်သက် ၅၂–နှစ်မျှသာ ကြာရှည်လေသည်။

* * *

## စစ်ကိုင်းမြို့တော်

## (၆၇၇–၇၂၆) (၁၃၁၄–၁၃၂၅)

စစ်ကိုင်းမြို့မှာ ဧရာဝတီမြစ် အနောက်ဘက်ကမ်း မန္တလေးမြို့ မြောက်ဘက်တွင် တည်ရှိလေသည်။

စစ်ကိုင်းမြို့တော်ကို စတင်ထူထောင်သူမှာ အသခ်ယာစောယွန်း ဖြစ်လေသည်။ ပင်းယတစီးရှင် သီဟသူတွင် သားတော်လေးပါး ရှိသည့်အနက် မြောက်ဘက် လင်းယဉ် ရွာသူမှ ဖွားမြင်သည့် သားတော်ငယ်အသခ်ယာ စောယွန်းအား စစ်ကိုင်းမြို့ကို အပိုင်စား

mgyoe.com
ပေးလေသည်။ ထို့နောက်တွင် ခမည်းတော်ကပင် သားတော်ကြီး ဥဇနာနှင့် ကျော်စွာတို့အား စောယွန်းကို သွားရောက် တိုက်ခိုက်စေ၍ စောယွန်းကိုလည်း ကာကွယ်ရန် တိတ်တဆိတ် ကြိုတင် အကြောင်းကြားထားလေသည်။ ထိုကြောင့်လည်း စောယွန်းသည် နောင်တော်များ အား ခုခံ တိုက်ခိုက်နိုင်သဖြင့် စစ်ကိုင်းမြို့ကို သီးခြားစိုးစံကာ ၆၇၇–ခုနှစ်တွင် ခမည်းတော် ရှိစဉ်၌ပင် ပင်းယနှင့် မင်းပြိုင်ပြုလျက် စစ်ကိုင်းမြို့တော်ကို တည်ထောင်လေသည်။ ခမည်းတော်က လိုလားသဖြင့် မနှောင့်ယှက်သောကြောင့်လည်း မြို့တော်စည်ပင်လာခဲ့လေ သည်။

ထို့နောက် အသင်္ခယာစောယွန်း နတ်ရွာစံလျှင် တရဖျားကြီးမှစ၍ မင်း ၇–ဆက်တွင် ဆက်လက်စိုးစံကြရာ ၆–ဆက်မြောက် တရဖျားငယ် လက်ထက်တွင် သားတော် မထွန်း ကားဘဲ နတ်ရွာစံသဖြင့် သမီးတော်စိုးမင်းမှာ ရှမ်းဘုရင် မင်းပြောက်နှင့် စုံဖက်ရာ ၇၁၃– ခုနှစ်တွင် မင်းပြောက်သည် သီဟပတေ့ဘွဲ့ခံယူလျက် စစ်ကိုင်းတွင် စိုးစံပြန်လေသည်။ ထိုအခါ ပင်းယတွင် စိုးစံသော နရသူက မင်းမျိုးမဟုတ်သော မင်းပြောက် စိုးစံသည်ကို မကျေနပ်၍ ရှမ်းသိုဟန်ဘွား၏ညီ သိုချည်ဘွားထံသို့ ကပ်၍ စစ်ကိုင်းကို တိုက်စေရာ မင်းပြောက် အရေးနိမ့်၍ ကြခတ်ဝရာသို့ တိမ်းရှောင်ရာ မင်းပြောက် အပြစ်ပေးထားသော သတိုးမင်းဖျားက အခွင့်ရ၍ လုပ်ကြံသတ်ဖြတ်လေသည်။ ထို့နောက် သတိုးမင်းဖျားသည် ပင်းယဥဇနာပြောင်ကိုပါ သတ်ဖြတ်၍ အင်းဝမြို့တော်ကို တည်ထောင်လေရာ သက္ကရာဇ် ၇၂၆–ခုနှစ်တွင် စစ်ကိုင်းမြို့တော် ပျက်လျောလေသည်။ စစ်ကိုင်းမင်း ၇–ဆက်တိုင်၍ မြို့သက် ၅၁–နှစ် ဖြစ်လေသည်။

ထို့နောက် ၁၁၂၄–ခုနှစ်တွင် ကုန်းဘောင် ဒုတိယနန်းစံ နောင်တော်ကြီးမင်းသည် စစ်ကိုင်းမြို့တော်ကို ပြုပြင်၍ မဟာဇေယျာပူရဟု သမုတ်၍ ရွှေဘိုနှင့် စစ်ကိုင်း နှစ်မြို့ နှစ်နန်းကို ကူးသန်းစိုးစံတော်မူလေသည်။ ထို့နောက် ဆင်ဖြူရှင်လက်ထက်တွင်ကား အင်းဝမြို့တော်ကို အသစ်တည်သောကြောင့် စစ်ကိုင်းမြို့မှာ ခဏမျှသာ မြို့တော်သက် ရှည်လေသည်။

* * *

## အင်းဝမြို့တော်
## (၇၂၆–၁၂၀၀)

အင်းဝမြို့မှာ ယခုအခါတွင် စစ်ကိုင်းမြို့အောက်ဘက် ဧရာဝတီမြစ်ကမ်းပေါ်၌ တည်ရှိလေသည်။
mgyoe.com

အင်းဝမြို့ကို ပထမ စတင်တည်ထောင်သူမှာ သတိုးမင်းဖျား ဖြစ်လေသည်။ သက္ကရာဇ် ၇၂၆–ခုနှစ်တွင် စစ်ကိုင်းအသင်္ခယာ စောယွန်း၏ မြေးဖြစ်သော သတိုးမင်းဖျားသည် ပင်းယဥဇနာပြောင်နှင့် စစ်ကိုင်းမင်းပြောက်တို့ကို လုပ်ကြံ၍ နန်းတက်ပြီးသောအခါ ငကျည်းအင်း၊ ကျောက်မော်အင်း၊ အင်းတူးအင်း၊ အုန်နဲ့အင်းတို့ကို ဖို့၍ မြစ်ငယ်၊ ဇော်ဂျီ၊ ဧရာဝတီမြစ်တို့၏အဝ၌ အင်းဝအမည်ဖြင့် မြို့တော်သစ် တည်ခဲ့လေသည်။

အင်းဝတွင် သတိုးမင်းဖျားမှစ၍ ရွှေနန်းကြော့ရှင် လက်ထက် ၈၈၈–ခုနှစ်အထိ အင်းဝမင်း ၁၃–ဆက် အုပ်စိုးပြီးနောက် သိုဟန်ဘွား သိမ်းယူလေသည်။ ထိုနောက် သိုဟန်ဘွား၏ သားတော် အုန်းဘောင်ခုံမှိုင်းနှင့်မြေး မိုးဗြဲနရပတိတို့ အုပ်စိုးပြီးနောက် မိုးဗြဲနရပတိ ဟံသာဝတီလက်အောက်သို့ အဝင်တွင် စစ်ကိုင်းစည်သူကျော်ထင် တက်ရောက်အုပ်စိုးရာ ၉၁၆–ခုနှစ်တွင် ဟံသာဝတီဆင်ဖြူရှင် (ဘုရင့်နောင်)က တိုက်ခိုက်သိမ်းယူ၍ ညီသမက်တော် သတိုးမင်းစောအား မင်းပြုစေလေသည်။ ထိုအခါမှစ၍ အင်းဝမြို့တော်သည် ဘုရင်ခံ အုပ်စိုးရာ မြို့တော်ဖြစ်ခဲ့ရပြန်လေရာ ၉၁၆–ခုနှစ်မှစ၍ ငါးဆူဒါယကာ၏ သား မင်းရဲကျော်စွာလက်ထက် မင်းရဲကျော်စွာကို ဟံသာဝတီမှ အိမ်ရှေ့ပေးရန် ခေါ်ယူသည့် ၉၅၅–ခုနှစ် အထိ ၃၉–နှစ်ကြာရှိပြီး ၉၅၅–ခုနှစ်မှ ၉၅၉–ခုအထိမှာမူ မင်းမရှိဘဲ ပြတ်ခဲ့လေသည်။

သက္ကရာဇ် ၉၅၉–ခုနှစ် ဟံသာဝတီ မပျက်မီ ၂–နှစ်တွင် ဟံသာဝတီ ဆင်ဖြူရှင်၏ သားတော် အငယ်ညောင်ရမ်းစား မင်းရဲရန္တမိတ်သည် အင်းဝမြို့ကို ဒုတိယအကြိမ် တည်ထောင်၍ စိုးစံပြန်လေသည်။ ထိုညောင်ရမ်းမင်းမှစ၍ ၁၁–ဆက်မြောက် မဟာဓမ္မရာဇာဓိပတိ (ဟံသာဝတီပါ)မင်းလက်ထက် ၁၁၁၃–ခုနှစ်တွင် ဟံသာဝတီမွန်တို့က ဗညားဒလကို မင်းမြှောက်၍ အင်းဝကိုတိုက်ခိုက်ရာ အရေးနိမ့်သဖြင့် အင်းဝ–မြို့တော်မှာ ခေတ္တမျှ မွန်တို့လက်အောက်သို့ ကျရောက်ရလေသည်။

ထို့နောက်တွင် အလောင်းဘုရားသည် မြန်မာထီးနန်းကို ဆက်လက် ထူထောင်သောအခါ ရွှေဘိုမြို့ကို မြို့တော်ပြုလုပ်သဖြင့် အင်းဝသည် မြို့တော်အဖြစ် မရောက်ရှိခဲ့ပေ။

သက္ကရာဇ် ၁၂၇–ခုနှစ်တွင် ကုန်းဘောင် တတိယမြောက် ဆင်ဖြူ့ရှင်မင်းတရားသည် အင်းဝမြို့တော်ကို တတိယအကြိမ် တည်ထောင်၍ ပြောင်းရွှေ့ စံနေတော်မူပြန်လေသည်။

ထို့နောက် ၁၁၄၅–ခုနှစ်တွင် ဘိုးတော်မင်းတရားက အမရပူရမြို့ကို တည်၍ ပြောင်းရွှေ့သွားသောကြောင့် အင်းဝသည် မင်းနေပြည်အဖြစ် ၈–နှစ် မျှသာ ကြာရှည်ခဲ့ရလေသည်။

mgyoe.com

mgyee.com

ထို့နောက် ၁၁၈၃–ခုနှစ်တွင် ဘကြီးတော်မင်းသည် အမရပူရမြို့တော်မှ တစ်ဖန် အင်းဝမြို့တော်သစ်ကို စတုတ္ထအကြိမ် တည်ထောင်၍ ပြောင်းရွှေ့စံနေတော်မူပြန်လေသည်။ သို့ရာတွင် သာယာဝတီမင်းလက်ထက် ၁၂၀၀–ပြည့်နှစ်တွင် အမရပူရမြို့တော်ကို ပြောင်းရွှေ့ပြန်သောကြောင့် အင်းဝသည် မြို့တော်အဖြစ် ၁၅–နှစ်မျှသာ ကြာရှည်ခဲ့လေသည်။ ထို့နောက်တွင်ကား မြို့တော်အဖြစ်သို့ မရောက်တော့ပေ။

(အတိုမှတ်ချက်)

| | |
|---|---|
| ပထမအင်းဝ၊ | သတိုးမင်းဖျား |
| | ၇၂၆–၉၁၆၊ ၂၁၀–နှစ်ကြာ။ |
| | ၉၁၆–၉၅၅ (ဘုရင်ခံမြို့တော်) |
| | ၉၅၅–၉၅၉ (မင်းမရှိ) |
| ဒုတိယအင်းဝ။ | ညောင်ရမ်းမင်း |
| | ၉၅၉–၁၁၁၄ ၁၅၄–နှစ်ကြာ။ |
| | ၁၁၁၃–၁၁၂၆ (ရွှေဘိုမြို့တော်) |
| တတိယအင်းဝ။ | ဆင်ဖြူရှင်၊ |
| | ၁၁၂၇–၁၁၄၅၊ ၁၈–နှစ်ကြာ။ |
| | ၁၁၄၆–၁၁၈၅ (အမရပူရမြို့တော်) |
| စတုတ္ထအင်းဝ။ | ဘကြီးတော်။ |
| | ၁၁၈၅–၁၂၀၀၊ ၁၅–နှစ်ကြာ။ |
| မင်းဆက်။ | (ပထမအင်းဝ ၁၃။ ဒုတိယအင်းဝ ၁၁။ ဆင်ဖြူရှင်၊ စဉ့်ကူး၊ ဖောင်းကားစား၊ |

၃။ ဘကြီးတော်၊ ၁) ၂၈–ဆက် (နှစ်ပေါင်း ၃၉၇–နှစ်။)

* * *

## ဟံသာဝတီမြို့တော်
## (၁၈၇–၁၁၁၉)

ဟံသာဝတီမြို့တော်မှာ ယခုအခါ ပဲခူးမြို့ဖြစ်၍ စစ်တောင်းမြစ်ကမ်းဒေသတွင် တည်ရှိလေသည်။

ဟံသာဝတီမြို့တော်ကို သက္ကရာဇ် ၁၈၇–ခုနှစ်တွင် သထုံမှ သမလ၊ ဝိမလ ညီနောင်တို့က စတင်တည်ထောင်ခဲ့လေသည်။ ဟံသာဝတီ တည်ရာမြေကို ဟိန္ဒူကုလား သင်္ဘောသားတို့နှင့် လုယက်ငြင်းခုံ၍ ဥပါယ်တံမျဉ်ဖြင့် အနိုင်ရသည်ဟု ဆိုလေသည်။

mgyee.com

mgyoe.com

ပထမ ဟံသာဝတီတွင် မင်းပေါင်း ၁၇–ဆက် အုပ်စိုးခဲ့ရာ သက္ကရာဇ် ၄၀၀–ကျော် တိဿရာဇာမင်း လွန်သောအခါ မြို့တော် ပျက်သုဉ်းသွားလေသည်။ ထို့နောက်တွင် ပုဂံမင်းလက်အောက်ခံအဖြစ် ရောက်ရှိခဲ့လေသည်။ ထို့နောက် သက္ကရာဇ် ၆၀၀–ကျော်ခန့်တွင် မွန်တို့ခြားနား၍ ဟံသာဝတီမှာ မြန်မာ့လက်အောက်မှ လွတ်ပြန်လေသည်။ အကြောင်းသော်ကား ၆၄၃–ခုနှစ် တွင် ဝါရီရူဆိုသူ မွန်ဘုရင် ဖြစ်လာသောအခါ ဟံသာဝတီတွင် ငပမွန်တရဖျားဆိုသူ မြန်မာလက်အောက်ခံ မြို့စားနှင့် အချင်းချင်း သမီးပေးကာ မဟာမိတ်ပြုကြရာ ပုဂံနရသီဟပတေ့လက်ထက် ရာဇသင်္ကြန် လာရောက် တိုက်ခိုက်နှိမ်နင်းသည်ကို တွန်းလှန်နိုင်ကြလေသည်။ ထို့နောက် တရဖျား အကောက်ကြံသဖြင့် ဝါရီရူက ကွပ်မျက်ကာ ဟံသာဝတီကို မုတ္တမမှနေ၍ အုပ်ချုပ်လျက် မြို့စားလက်အောက်တွင် ထားရှိလေသည်။

ဝါရီရူကို တစ်ဖန် တရဖျား၏ သားမြေးများ လုပ်ကြံသတ်ဖြတ်၍ အနိစ္စ ရောက်လေသည်။ ထိုမှစ၍ နောက် ၈–ဆက်မြောက် ဗညားဦးလက်ထက် ၇၃၁–ခုနှစ်တွင် ဟံသာဝတီသို့ ပြောင်းရွှေ့စံနေခဲ့ကြရာ ဗညားဦး၏နောက် ၁၀–ဆက်မြောက် သုရှင်တကာရွတ်ပိလက်ထက် ၈၉၉–ခုနှစ်တွင် တပင်ရွှေထီးက ဟံသာဝတီကို အောင်မြင်၍ ဆက်လက်ပြီး မြို့တော်ပြုလေသည်။

ထို့နောက်တွင် ဘုရင့်နောင်နှင့် သားတော် နန္ဒဘုရင်တို့ ဆက်လက် စိုးစံရာ နန္ဒဘုရင်လက်ထက်တွင် တောင်ငူစား ညီတော် မင်းရဲသီဟသူနှင့် ရခိုင်ဘုရင် မင်းရာဇာကြီးတို့ ပူးပေါင်းတိုက်ခိုက်သဖြင့် ၉၆၁–ခုနှစ်တွင် ဟံသာဝတီ ပျက်လေသည်။

ထို့နောက်တွင် အင်းဝ ညောင်ရမ်းမင်းဆက် ၄ ဆက်မြောက် သာလွန်မင်းတရားသည် ၉၉၁–ခုနှစ်တွင်ဟံသာဝတီသို့ချီလာ၍ လေးနှစ်တိုင်တိုင် ဘိသိက်မခံမီ လက်နက်နိုင်ငံများကို နေထားတကျဖြစ်အောင် စီမံ၍ ၉၅၅–ခုနှစ်တွင် ဘိသိက်ခံပြီးနောက် ၉၉၆–ခုနှစ်တွင် အင်းဝသို့ ပြန်လေသည်။ ထိုမှစ၍ ဟံသာဝတီမှာ အင်းဝမင်း လက်အောက်ခံဖြစ်ပြန်လေသည်။

ထို့နောက် ၁၁၀၂–ခုနှစ်တွင် ဟံသာဝတီ မြို့ဝန်မင်းရဲအောင်နိုင်ကို မွန်တို့ ခြားနားတော်လှန်၍ သမိန်ထောကို မင်းမြှောက်လေသည်။ ထို့နောက် ဗညားဒလကို မင်းမြှောက်ပြန်လေသည်။ ထို့နောက်တွင် မွန်တို့အင်အားကြီးမားလာ၍ အင်းဝနှင့် ရွှေဘိုအထိ တိုက်ခိုက်ရာ အလောင်းဘုရားက တွန်းလှန်နိုင်ခဲ့၍ ၁၁၁၅–ခုနှစ်တွင် ဟံသာဝတီကို သိမ်းပိုက်နိုင်ခဲ့ပြန်လေသည်။ ထိုမှစ၍ ဟံသာဝတီသည် မြို့တော်သက် ပြီးပြတ်ကုန်ဆုံးခဲ့လေသည်။

mgyoe.com

mgyoe.com

(အတိုမှတ်ချက်)

| | |
|---|---|
| ၁၈၇ – ၄၀၀ ကျော်။ | မွန်ဘုရင်များ မြို့တော်။ |
| | နှစ်ပေါင်း ၃၀၀ ကျော်ခန့်။ |
| ၄၀၀– ကျော် ၆၄၃။ | ပုဂံလက်အောက်ခံ။ |
| | နှစ်ပေါင်း ၂၀၀ ကျော်ခန့်။ |
| ၆၄၃ – ၇၃၁ ။ | မုတ္တမမွန်လက်အောက်ခံ။ |
| | နှစ်ပေါင်း ၈၈ နှစ်။ |
| ၇၃၁–၈၉၉။ | မွန်ဘုရင်များ မြို့တော်။ |
| | နှစ်ပေါင်း ၁၆၈နှစ်။ |
| ၈၉၉–၉၆၁။ | မြန်မာဘုရင်များမြို့တော်။ |
| | နှစ်ပေါင်း ၆၂–နှစ်။ |
| ၉၆၁–၉၉၀။ | မြို့ပျက်။ |
| | နှစ်ပေါင်း ၂၉–နှစ်။ |
| ၉၉၁–၁၁၀၂။ | အင်းဝလက်အောက်ခံ။ |
| | နှစ်ပေါင်း ၁၁၁–နှစ်။ |
| ၁၁၀၂–၁၁၁၉။ | မွန်ဘုရင်များ မြို့တော်။ |
| | နှစ်ပေါင်း ၁၇–နှစ်။ |
| ၁၁၁၉ | ကုန်းဘောင်လက်အောက်ခံ။ |

* * *

## တောင်ငူမြို့တော်

## (၆၀၀. ကျော်ခန့် – ၈၉၂)

တောင်ငူမြို့မှာ စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းအကြားတွင် တည်ရှိ လေသည်။ တောင်ငူမြို့ကို ပုဂံပြည် ၄၈–ဆက်မြောက် နရပတိစည်သူ၏လက်ထက်က အနန္တသူရိယ အမတ် ရန်မနင်ထွေး၏ အဆက်အနွယ်ဖြစ်သော သဝန်ကြီး၊ သဝန်ငယ်တို့က စ၍ တရုတ်ပြေးမင်း နရသီဟပတေ့လက်ထက် (၆၀၀–ကျော်ခန့်) တွင် တည်ထောင်ခဲ့လေ သည်။

ထိုမင်းတို့ လက်ထက်မှစ၍ မင်း ၂၉–ဆက်မြောက် မင်းကြီးညို၏လက်ထက်တွင် ထင်ရှားစည်ပင်လာ၍ တောင်ငူ မင်းကြီးညိုအား အင်းဝဘုရင်မင်းခေါင်က မဟာသီရိ

mgyoe.com

mgyoe.com
ဧယျာဘွဲ့နှင့် မင်းမြောက်တန်ဆာငါးပါးကို ပေးအပ်လေသည်။ ၈၇၂–ခုနှစ်တွင် ကေတုမတီဟု သမုတ်၍ တောင်ငူမြို့တော်သစ် တည်လေသည်။

ထို့နောက်တွင် သားတော်တပင်ရွှေထီး ဆက်လက်စိုးစံရာ တပင်ရွှေထီးသည် နန်းတက်သည့် ၈၇၂–ခုနှစ်၌ပင်လျှင် ဟံသာဝတီသို့ ချီတက်၍ ရွှေမော်ဓောရင်ပြင်တော်၌ နားထွင်းတော်မူသည့်ပြင် ၈၉၉–ခုနှစ်တွင် ဟံသာဝတီကို အောင်၍ ၉၀၁–ခုနှစ်၌ ဟံသာဝတီမှာပင် ရာဇဘိသိက်ခံတော်မူသောကြောင့် တောင်ငူမြို့ကို ဘုရင့်နောင်၏ ခမည်းတော်မင်းရဲသိဟသူနှင့် ထိုနောက် ညီတော် သီဟသူတို့သာ အုပ်ချုပ်ရလေသည်။ သီဟသူမှာ ၉၁၁–ခုနှစ်၌ တပင်ရွှေထီးအနိစ္စရောက်ပြီးနောက် တောင်ငူမင်းအဖြစ် ခေတ္တမျှသာ စံရပြီး ဘုရင့်နောင်၏ ဟံသာဝတီလက်အောက်သို့ ကျရောက်သဖြင့် မြို့တော်သက် မဆက်တည်ခဲ့တော့ပေ။ ထိုကြောင့် တောင်ငူမြို့တော် သက်မှာ နှစ်ပေါင်း ၃၀၀–နီးပါးမျှ ခန့်မှန်းရလေသည်။

* * *

## ရွှေဘိုမြို့တော်
## (၁၁၁၅–၁၁၂၇)

ရွှေဘိုမြို့မှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားတွင် တည်ရှိလေသည်။

ရွှေဘိုမြို့ကို တည်ထောင်သူမှာ အလောင်းမင်းတရားဖြစ်လေသည်။ သက္ကရာဇ် ၁၁၁၃–ခုနှစ်တွင် အင်းဝဘုရင် ဟံသာဝတီသို့ ပါတော်မူပြီးနောက် မွန်တို့က အထက်နိုင်ငံတစ်လွှားကို တိုက်ခိုက်လေသည်။ ထိုအခါ မုဆိုးဖိုမြို့မှ ဦးအောင်ဇေယျသည် ရဲဘော်များနှင့်အတူ မွန်တို့ရန်ကိုသာမက ကွေ့ရှမ်းတို့ကိုပါ နှိမ်နင်းနိုင်၍ မြန်မာနိုင်ငံကို ထိန်းသိမ်းအုပ်ချုပ်ကာ ၁၁၁၅–ခုနှစ်တွင် မုဆိုးဖိုမြို့ကို ရတနာသိင်္ခကုန်းဘောင်ပြည်ကြီးဟု သမုတ်၍ မြို့ရိုးမြို့တာနှင့် တည်ထောင်လေသည်။ ဦးအောင်ဇေယျမှာ ဘုန်းတန်ခိုးကြီးလှ၍ အလောင်းမင်းတရားဟု ထင်ရှားလေသည်။

အလောင်းမင်းတရားကြီး၏ သားတော် နောင်တော်ကြီး မင်းလက်ထက်တွင် စစ်ကိုင်းမြို့တော်သစ်ကိုလည်းကောင်း၊ ဆင်ဖြူရှင်မင်းလက်ထက်တွင် အင်းဝမြို့တော်သစ်ကို လည်းကောင်း တည်ထောင်ကြရာ နောင်တော်ကြီးမှာ ရွှေဘိုမြို့တော်၌လည်း စံမြန်းခဲ့လေသည်။ ဆင်ဖြူရှင်မင်းလည်း ၁၁၂၅–ခုနှစ်တွင် နန်းတက်ပြီးနောက် ရွှေဘိုမြို့တော်၌ပင် ၂–နှစ်ကြာ စံမြန်းလေသေးသည်။ ထို့ကြောင့် ရွှေဘိုမြို့တော်မှာ မင်း ၃–ဆက် ၁၁၂၇–ခုနှစ်အထိ ၁၂–နှစ်မျှသာ မြို့တော်အဖြစ် ကြာရှည်လေသည်။

* * *

mgyoe.com

mgyoe.com

## အမရပူရမြို့တော်
## (၁၁၄၅–၁၂၁၉)

အမရပူရမြို့တော်မှာ ယခုအခါ မန္တလေးမြို့ အနောက်တောင်ဘက်တွင် တည်ရှိလေသည်။

အမရပူမြို့တော်ကို ကုန်းဘောင် ၆–ဆက်မြောက် ဘိုးတော်ဘုရား စတင်တည်ထောင်ခဲ့လေသည်။ ၁၁၄၃–ခုနှစ်တွင် ဘိုးတော်ဘုရား အထွတ်အမြတ်သို့ ရောက်ပြီးနောက် ၁၁၄၄–ခုနှစ်မှစ၍ အင်းဝမြို့နှင့် ၆–မိုင်ခန့်အကွာတွင် မြို့နန်း အသစ်တည်လုပ်ကာ ၁၁၄၅–ခုနှစ်တွင် အမရပူရမြို့တော်ဟု သမုတ်ပြီး ပြောင်းရွှေ့ စိုးစံလေသည်။

ထို့နောက်တွင် ဘကြီးတော်လက်ထက်၌ ၁၁၈၃–ခုနှစ်တွင် အင်းဝသို့ ရွှေ့ပြောင်းနန်းစိုက်လေသဖြင့် မြို့တော်သက်နှစ်ပေါင်း ၄၀–သာ ကြာရှည်လေသည်။

ထို့နောက် ကုန်းဘောင် ၈–ဆက်မြောက် သာယာဝတီမင်းလက်ထက် ၁၂၀၀–ပြည့်နှစ်တွင် အမရပူရမြို့ဟောင်းကို ဒုတိယအကြိမ် တည်ထောင်ကာ ပြောင်းရွှေ့စံနေတော်မူလေသည်။ ထို့နောက် သားတော် ပုဂံမင်းလည်း အမရပူရမြို့၌ပင် နန်းစိုက်၍ သားတော် မင်းတုန်းမင်းလက်ထက် ၁၂၁၉–ခုနှစ်တွင်မှ ရတနာပုံမြို့တော်သစ်သို့ ပြောင်းရွှေ့စံနေတော်မူသဖြင့် ဒုတိယ အမရပူရမြို့တော်မှာ ၁၉–နှစ်သာ ကြာရှည်လေသည်။ ထိုမှနောက်တွင် မြို့တော် မဖြစ်ခဲ့တော့ပေ။ နှစ်ကြိမ်ပေါင်း ၅၉–နှစ်သာလျှင် မြို့တော်သက်ရှည်လေသည်။

(အတိုမှတ်ချက်)

| | |
|---|---|
| ပထမဘိုးတော်ဘုရား။ | ၁၁၄၅–၁၁၈၁၊ ၃၇နှစ် |
| ဘကြီးတော်။ | ၁၁၈၁–၁၁၈၃၊ ၂နှစ်။ |
| ဒုတိယ သာယာဝတီ။ | ၁၂၀၀–၁၂၀၈၊ ၈နှစ်။ |
| ပုဂံမင်း။ | ၁၂၀၈–၁၂၁၄၊ ၆နှစ်။ |
| မင်းတုန်းမင်း။ | ၁၂၁၄–၁၂၁၉၊ ၆နှစ်။ |
| | အစုစုနှစ်ပေါင်း။ ၅၉–နှစ်။ |

* * *

## မန္တလေးမြို့တော်
## (၁၂၁၉*–၁၂၄၇)

မန္တလေးမြို့မှာ ယခုအခါ ဧရာဝတီမြစ် အရှေ့ဘက်စစ်ကိုင်းနှင့် တစ်ဖက် ကမ်းပေါ်

* ၁၂၁၈ – မန္တလေး၊ ရတနာပုံ ဘိုးမှတ်စု (မူကွဲ)

mgyoe.com

mgyoe.com

တွင် တည်ရှိ၍ အင်း၀၊ အမရပူရမြို့တော်များနှင့် မနီးမဝေးပင် ဖြစ်လေသည်။ ၁၂၁၈–ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် အမရပူရတွင် နန်းစံရာမှ မန္တလေး တောင်ခြေအနီး၌ မြို့ရိုးမြို့တာနှင့်တကွ မြို့တော်သစ်ကို တည်ထောင်တော်မူ၍ ၁၂၁၉ ခုနှစ်တွင် ရွှေ့ပြောင်း စံနေတော်မူလေသည်။ မြို့တော်ကို ရတနာပုံနေပြည်တော်ဟု သမုတ်လေသည်။

ထို့နောက် သားတော် သီပေါမင်း၏ လက်ထက်တွင်လည်း မန္တလေးမြို့တော်၌ ပင် စိုးစံရာ ၁၂၄၇–ခုနှစ်တွင် သီပေါမင်းပါတော်မူသည်အထိ မြို့တော် ဖြစ်ခဲ့သဖြင့် ၂၈–နှစ်မျှ ကြာရှည်ခဲ့လေသည်။

* * *

## မြို့တော်ပြောင်းရွှေ့ပုံ

| | |
|---|---|
| ဘုရားမပွင့်မီ နှစ် ၃၀၀ | တကောင်းပထမ၊ |
| –သာသနာ ၁၀၀–ကျော် | ဒုတိယ၊ ၄၀၀ခန့် |
| သာသနာ ၆၀–၆၃၈ | သရေခေတ္တရာ၊ |
| (သရေခေတ္တရာသက္ကရာဇ် ၁၆) | ၅၇၈ နှစ် |
| သရေခေတ္တရာသက္ကရာဇ် ၂၉– | ပုဂံပထမ၊ ဒုတိယ၊ |
| ပုဂံသက္ကရာဇ် ၇၃၀ | တတိယ၊ စတုတ္ထ၊ ၁၂၆၁–နှစ် |
| ပုဂံသက္ကရာဇ်၏ ၆၇၄–၇၂၆ | ပင်းယ၊ ၅၁ နှစ် |
| ပုဂံသက္ကရာဇ် ၆၇၇–၇၂၆ | (စစ်ကိုင်း ပထမ)၄၉ နှစ် |
| ပုဂံသက္ကရာဇ် ၇၂၆–၉၁၆ | (အင်း၀ ပထမ) ၂၁၀ နှစ် |
| ပုဂံသက္ကရာဇ် ၇၃၁–၈၉၉ ဟံသာဝတီ | (မွန်ဘုရင်များ)၁၆၈ နှစ် |
| ပုဂံသက္ကရာဇ် ၇၈၂–၈၉၉ | တောင်ငူ ၁၇နှစ် |
| ပုဂံသက္ကရာဇ် ၈၉၉–၉၆၁(ဟံသာဝတီ မြန်မာဘုရင်များ) | ၆၂ နှစ် |
| ပုဂံသက္ကရာဇ် ၉၅၉–၁၁၁၃ | (အင်း၀ဒုတိယ ၁၅၄ နှစ်) |
| ပုဂံသက္ကရာဇ် ၁၁၀၂–၁၁၁၉ | ဟံသာဝတီ (မွန်ဘုရင်များ) ၁၇ နှစ် |
| ပုဂံသက္ကရာဇ် ၁၁၁၅–၁၁၂၇ | ရွှေဘို၊ ၁၂ –နှစ် |
| ပုဂံသက္ကရာဇ် ၁၁၂၄–၁၁၂၅ | စစ်ကိုင်း၊ဒုတိယ၊ ၁– နှစ် |
| ပုဂံသက္ကရာဇ် ၁၁၂၇–၁၁၄၅ | အင်း၀ တတိယ၊၁၈–နှစ် |

mgyoe.com

mgyoe.com

| | |
|---|---|
| ပုဂံသက္ကရာဇ် ၁၁၄၅–၁၁၈၃ | အမရပူရ၊ ပထမ၊ ၄၀–နှစ် |
| ပုဂံသက္ကရာဇ် ၁၁၈၃–၁၂၀၀ | အင်းဝ၊ စတုတ္ထ၊ ၁၅–နှစ် |
| ပုဂံသက္ကရာဇ် ၁၂၀၀–၁၂၁၉ | အမရပူရ၊ ဒုတိယ၊ ၁၉–နှစ် |
| ပုဂံသက္ကရာဇ် ၁၂၁၉–၁၂၄၇ | မန္တလေး၊ ၂၈–နှစ် |

❒

mgyoe.com

mgyoe.com

# [၃]
# ထွန်းသစ်မှုများ

## မြန်မာသက္ကရာဇ် ဖြစ်ပေါ်လာပုံ

မြန်မာသက္ကရာဇ်မှာ အိန္ဒိယနိုင်ငံတွင် ရှေးရှေးသောအခါကတည်းက ရေတွက်လာခဲ့သော သက္ကရာဇ်မှ ဆင်းသက်ပြောင်းရွှေ့ကျန်ရှိသော သက္ကရာဇ် ဖြစ်လေသည်။ သက္ကရာဇ်ကို ဗေဒင်ကိန်းခန်းအရ တန်ခိုးကြီးသောမင်းများက တစ်ခါပြီးတစ်ခါ ဖြိုခဲ့ကြလေသည်။ မဖြိုလျှင် ပြည်သူတို့ ဆေးဒုက္ခအန္တရာယ် ရောက်တတ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။

(က) အိန္ဒိယပြည်တွင် ကမ္ဘာဦး မဟာသမ္မတမင်းမှ စ၍ ရေတွက်လာခဲ့သော သက္ကရာဇ်တွင် နှစ်ပေါင်း ၁၁၄၉၇၈၇-သို့ ရောက်သောအခါ အာကာရဋ္ဌ အမည်ရှိသော မင်းက ၁၁၄၉၇၈၅-နှစ်၊ မဟာသုဒ္ဓဝယပ္ပကိန်းကို ဖြိုပစ်၍ အကြွင်း ၂-ခုချန်ကာ ထိုမှစတင်ရေတွက်လေသည်။

(ခ) ထိုသို့ ရေတွက်ရာမှ ၁၄၉၃၈၅၆၂ -ခုနှစ်သို့ရောက်သောအခါ ကုသဝတီပြည် ကုသမင်းကြီးက ၁၄၉၃၈၅၆၀-ခုနှစ်(နာတိမဖွဲ့လဒ္ဓိဝိယကိန်း) ကို ဖြိုပစ်၍ အကြွင်း ၂-ခုချန်ကာ ထိုမှစတင် ရေတွက်ပြန်လေသည်။

(ဂ) ထိုသို့ ရေတွက်ရာမှ ၈၆၄၇-ခုနှစ်သို့ ရောက်သောအခါ မြတ်စွာဘုရား၏ ဘိုးတော် သီဟနုနှင့် အဥ္စနမင်းတို့က ၈၆၄၅ (ပါဏာသိန္နု-ဆဗသျှူ-သို့မဟုတ် ဏာဝစန္ဒေကိန်း) ကို ဖြိုပစ်၍ အကြွင်း ၂-ခုချန်ကာ ထိုမှ စတင် ရေတွက်ပြန်လေသည်။

(ဃ) ထိုသို့ ရေတွက်ရာမှစ၍ မဟာသက္ကရာဇ်ဟု ခေါ်၏။ ထိုသက္ကရာဇ် ၆၈-

mgyoe.com

ခုနှစ်တွင် မြတ်စွာဘုရား အလောင်းအလျာ သိဒ္ဓတ်မင်းသားကို ဖွားမြင်လေသည်။ ထိုသက္ကရာဇ် ၁၄၈–ခုနှစ်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ အဇာတသတ်မင်းသည် အရှင်မဟာကဿပနှင့် တိုင်ပင်၍ ၁၄၈–နှစ် (ဒေဝိယကိန်း) ကို ဖြိုပစ်ပြန်၍ နောက်နှစ်မှစပြီး ၁–နှစ်ဟု စတင် ရေတွက်လေသည်။

(င) ထိုသို့ ရေတွက်ရာမှစ၍ သာသနာသက္ကရာဇ်ဟု ခေါ်၏။ ထိုသာသနာနှစ် ၆၂၄–ခုသို့ ရောက်သောအခါ သရေခေတ္တရာ သုမုန္ဒရီမင်းက ၆၂၂–နှစ် (ဒေါဒေါ ရသကိန်း)ကို ဖြိုပစ်၍အကြွင်း၂–ခုချန်ကာ ထိုမှစတင် ရေတွက်ပြန်လေသည်။

(စ) ထိုသို့ ရေတွက်ရာမှစ၍ ၅၆၂–ခုနှစ်သို့ ရောက်သောအခါ ပုဂံပြည်ပုပ္ပားစောရဟန်းမင်းက ၅၆၀–နှစ် (ခဆပဥ္စကိန်း)ကို ဖြို၍ အကြွင်း ၂–ခုချန်ကာ ထိုမှ စတင်ရေတွက်ပြန်လေသည်။

ထိုမှစ၍ ရေတွက်လာသည်မှာ ယခု ရေတွက်လျက်ရှိသော ကောဇာ သက္ကရာဇ် အဖြစ် တည်မြဲလျက်ပင် ရှိလေသည်။

သက္ကရာဇ် ၈၀၀–ပြည့်နှစ်တွင် အင်းဝမိုးညှင်းမင်းက (ဗသျှုနောသတ်) ကိန်းကို ဖြိုသော်လည်း မင်းအာဏာညံ့၍ မပြိုခဲ့ပေ။

သုမုန္ဒရီမင်း သက္ကရာဇ် မဖြိုမီတစ်နှစ်၊ သက္ကရာဇ် ၆၂၃–ခုနှစ်တွင် အိန္ဒိယပြည်မြောက်ပိုင်း၌ စိုးစံသော သာလိဝါဟန– သကမင်းဟုခေါ်သည့် ကနစ်သျှကမင်းက ၎င်းတို့၏ သက္ကရာဇ် ၃၁၈၀ အနက်တွင် ၃၁၇၉–နှစ်ကိုဖြို၍ အကြွင်းတစ်နှစ်မှ စတင် ရေတွက်ပြန်သဖြင့် နောက်တစ်နှစ်တွင် သုမုန္ဒရီမင်း ဖြိုပြီး သက္ကရာဇ် ၂–နှစ်တွင် သက္ကရာဇ်ချင်း ထပ်တူကျလေသည်။

(အတိုမှတ်ရန်။)

သာသနာ သက္ကရာဇ်သည် ယခု ကောဇာသက္ကရာဇ်ထက် ၁၁၈၂–နှစ်ကြီး၏။

သာသနာ သက္ကရာဇ်သည် သရေခေတ္တရာ သက္ကရာဇ်ထက် ၆၂၂–နှစ်ကြီး၏။

သာသနာ သက္ကရာဇ်သည် ခရစ်နှစ်ထက် ၅၄၄–နှစ်ကြီး၏။

ယခု ကောဇာသက္ကရာဇ်သည် ခရစ်နှစ်ထက် ၆၃၈–နှစ်ငယ်၏။

ယခု ကောဇာသက္ကရာဇ်သည် သာသနာနှစ်ထက် ၁၁၈၂–နှစ်ငယ်၏။

mgyoe.com

(သက္ကရာဇ်ဖြိုပုံဇယား)

| | | |
|---|---|---|
| ၁။ အာကာရဋ္ဌမင်း | ရောက်သက္ကရာဇ် | ၁၁၄၉၇၈၇ |
| | ဖြိုသောသက္ကရာဇ် | ၁၁၄၉၇၈၅ |
| | ကြွင်းသောသက္ကရာဇ် | ၂ ခုကြွင်း။ |
| ၂။ ကုသမင်း။ | ရောက်သက္ကရာဇ် | ၁၄၉၃၈၅၆၂ |
| | ဖြိုသောသက္ကရာဇ်။ | ၁၄၉၃၈၅၆၀ |
| | ကြွင်းသောသက္ကရာဇ် | ၂ ခု ကြွင်း။ |
| ၃။ အဋ္ဌနမင်း။ | ရောက်သက္ကရာဇ် | ၈၄၆၇ |
| | ဖြိုသောသက္ကရာဇ် | ၈၆၄၅ |
| | ကြွင်းသောသက္ကရာဇ် | ၂ ခုကြွင်း။ |
| ၄။ အဇာတသတ်မင်း။ | ရောက်သက္ကရာဇ် | ၁၄၈ |
| | ဖြိုသောသက္ကရာဇ် | ၁၄၈ |
| | ကြွင်းသောသက္ကရာဇ် | ၀ ကြွင်း။ |
| ၅။ သုမုန္ဒရီမင်း | ရောက်သက္ကရာဇ် | ၆၂၄ |
| | ဖြိုသောသက္ကရာဇ် | ၆၂၂ |
| | ကြွင်းသောသက္ကရာဇ် | ၂ ခုကြွင်း။ |
| ၆။ ပုပ္ပားစောရဟန်း | ရောက်သက္ကရာဇ် | ၅၆၂ |
| | ဖြိုသောသက္ကရာဇ် | ၅၆၀ |
| | ကြွင်းသောသက္ကရာဇ် | ၂ ခု ကြွင်း။ |

* * *

## လူမျိုးများ ဝင်ရောက်လာပုံ

မြန်မာနိုင်ငံတွင်းသို့ ရှေးဦးစွာ ဝင်ရောက်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများကား ကျောက်တုံးများကိုသာ လက်နက် ကိရိယာအဖြစ် အသုံးပြုတတ်ကြသည့် ကျောက်ခေတ်လူမျိုးများပင် ဖြစ်ဖွယ်ရှိကြောင်းကို တွေးဆရလေသည်။ ထိုသူတို့ကို နီဂရိတိုလူမျိုးဟု ခေါ်တွင်လေသည်။

ထို့နောက်တွင်ကား အင်ဒိုနီးရှင်းခေါ် လူမျိုးများ ဝင်ရောက်လာ၍ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် နေထိုင်ကြပြီး၊ တောင်ဘက်သို့ တရွေ့ရွေ့ ဆင်းသက် ပြောင်းရွှေ့သွားခဲ့ကြသည်ဟု မှတ်ယူကြရလေသည်။

mgyoe.com

ထို့နောက်တွင် တိဗက်ကုန်းပြင်မြင့်မှ ရွှေ့ပြောင်း ဆင်းသက်လာသော မောင်းဂွတ်ခေါ် မွန်ဂိုလီယန်လူမျိုးတို့ တစ်သုတ်ပြီး တစ်သုတ် ဝင်ရောက်လာကြလေသည်။ ထိုမွန်ဂိုလီယန် လူမျိုးတို့သည် နှစ်ပေါင်းများစွာ နေရာဒေသ ကွဲပြားစွာ နေထိုင်ခဲ့ကြသောအခါ (က) မွန်ခမာလူမျိုး၊ (ခ) တိဗက်မြန်မာလူမျိုး၊ (ဂ) ထိုင်းတရုတ်လူမျိုး ဟူ၍ လူမျိုးစုကြီး သုံးစုကွဲပြားလာခဲ့သည့်အတိုင်း ထိုလူမျိုးကြီးများ တစ်သုတ်စီ ဝင်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ ၎င်းတို့၏ နေရင်းဒေသမှာ ဗြဟ္မပုတြမြစ်၊ သံလွင်မြစ်၊ မဲခေါင်မြစ်၊ ယန်စီကျန်မြစ်၊ ဟိုအံဟိုမြစ် စသည်တို့ စတင်စီးထွက်ရာ ဒေသပင်ဖြစ်၍ ထိုနေရာမှ မြစ်များတစ်လျှောက် စုန်ဆင်းလာကြရာတွင် သံလွင်မြစ်၊ မဲခေါင်မြစ်ကြောင်းများသို့ ရောက်ရှိလာသူတို့မှာ မြန်မာနိုင်ငံ အတွင်းပိုင်းသို့ ဝင်ရောက်ခိုမှီ နေထိုင်ကြလေတော့သည်။

## မွန်ခမာလူမျိုးစု

(က) မွန်ခမာလူမျိုးစုမှာ ပထမဆုံး ဝင်လာသော လူမျိုးစုကြီးပင်ဖြစ်၍ ၎င်းတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀–လောက်က ဝင်လာခဲ့ကြပြီး ဧရာဝတီမြစ်ဝ၊ စစ်တောင်းမြစ်ဝ၊ သံလွင်မြစ်ဝတို့တွင် အိုးအိမ်အခြေစိုက်ခဲ့ကြရာမှ နောင်အခါသော် မွန်လူမျိုးများအဖြစ် ပုသိမ်၊ သထုံ၊ မုတ္တမ၊ ဟံသာဝတီစသော ဒေသတို့၌ ကြွင်းကျန်နေခဲ့လေသည်။ မြောက်ပိုင်းတွင် ခိုဝင်နေကြသူများမှာကား ပလောင်လူမျိုး၊ ဝလူမျိုး စသည်တို့အဖြစ် ကြွင်းကျန်နေခဲ့လေသည်။

မဲခေါင်မြစ်ကြောင်းဖြင့် စုန်ဆင်းလာသူများလည်း ယူနန်ပြည်၊ အင်ဒိုချိုင်းနား စသည်တို့တွင် အခြေစိုက်ခဲ့ကြလေသည်။ ထိုသူတို့မှာ နောင်သော် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသရှိ မွန်တို့နှင့် အဆက်ပြတ်သွားခဲ့လေသည်။

## တိဗက် မြန်မာလူမျိုးစု

(ခ) ဒုတိယ ဝင်ရောက်လာသူများကား တိဗက်မြန်မာလူမျိုးစုပင်ဖြစ်၍ ၎င်းတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀–လောက်က အနောက်ဘက်ကြောင်းအားဖြင့် မလိခမြစ်၊ ချင်းတွင်းမြစ်ကြောင်းများ အတိုင်းဝင်ရောက်နေ၍ နေထိုင်ခဲ့ကြရာ ယခုအခါ ချင်း၊ ကချင်၊ ကဒူး စသည့်တိုင်းရင်းသားများအဖြစ် ကြွင်းကျန်နေခဲ့လေသည်။ အရှေ့ဘက်လမ်းကြောင်းအားဖြင့် မဲခေါင်မြစ်၊ သံလွင် မြစ်ကြောင်းများအတိုင်း ဝင်ရောက်နေထိုင်ခဲ့သူများမှာကား မြန်မာနိုင်ငံတွင်း၌ ပျူ၊ ကမ်းယံ၊ သက် ဟူ၍ ကွဲပြားလာခဲ့ကြလေသည်။ ပျူလူမျိုးမှ မြန်မာလူမျိုးအဖြစ်သို့ လည်းကောင်း၊ ကမ်းယံလူမျိုးမှ ရခိုင်လူမျိုးသို့လည်း

mgyoe.com
ကောင်း၊ သက်လူမျိုးမှ ချင်းလူမျိုးသို့လည်းကောင်း ပြောင်းလဲဆက်နွယ်ခဲ့ကြသည်ဟု ယုံကြည်ရလေသည်။

## ထိုင်း တရုတ်လူမျိုးစု

(ဂ) တတိယဝင်ရောက်လာသူများကား ထိုင်းတရုတ်ခေါ် လူမျိုးများဖြစ်၍ ထိုလူမျိုးကြီးမှ ရှမ်းကုန်းပြင်မြင့်ကို ဖြတ်သန်းကာ သံလွင်မြစ်ဝ၊ စစ်တောင်းမြစ်ဝ၊ ဧရာဝတီမြစ်ဝများတွင် နေထိုင်ခဲ့ကြသူများမှာ နောင်သော် ကရင်နှင့် တောင်သူလူမျိုးများအဖြစ် ကြွင်းကျန်ခဲ့၍ ရှမ်းကုန်းပြင်မြင့်၊ လောနယ်နှင့် ယိုးဒယားဘက်သို့ လည်းကောင်း၊ ရွှေလီမြစ်ကြောင်းမှ အာသံပြည်ဘက်သို့ လည်းကောင်း သွားရောက် နေထိုင်ခဲ့ကြသူများမှာ နောင်သော် ရှမ်းလူမျိုး၊ ကသည်းလူမျိုး စသည်များအဖြစ် ကြွင်းကျန်ခဲ့ကြလေသည်။

ထိုလူမျိုးများမှ အဆင့်ဆင့် လူမျိုး စုငယ်များ ကွဲပြားသွားခဲ့လေသည်။ ယခုအခါ တည်ရှိနေသော မြန်မာ၊ မွန်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယားစသည့် လူမျိုးစုကြီးများတွင် လူမျိုးငယ်များစွာ ပါဝင်လျက်ရှိ၍ မြန်မာ လူမျိုးစု၌ပင် ရခိုင်၊ ထားဝယ်၊ အင်းသား စသည်ဖြင့် လူမျိုးငယ်များ ကွဲပြားလျက် ရှိခဲ့လေသည်။ သို့ရာတွင် ရှေးအခါက မွန်ဂိုလီယန် လူမျိုးစုကြီး တစ်စုတည်းမှ ပေါက်ပွားဆင်းသက် လာခဲ့ကြသူများသာ ဖြစ်လေသည်။

## (မှတ်ချက်)

"မြန်မာအစ တကောင်းက"ဟူသော စကားပုံမှာ မြန်မာမင်းဆက်အစ တကောင်း သာကီဝင်မင်းများက စတင်သည်ဟု ဆိုဟန်ရှိပေသည်။ မြန်မာဟူသော အမည်မှာကား ရာဇဝင်များ၌ သရေခေတ္တရာပျက်ပြီးမှ စတင် မှတ်သားကြသည့်ပြင် ပျူလူမျိုးတို့နှင့် အခြားဝင်ရောက်လာသူတို့အနက်မှ ပျူလူမျိုးများ တိမ်ကောသွားသလောက် မြန်မာဟု တိုးတက်ထင်ရှား ပေါ်ပေါက်လာခြင်းသာဖြစ်၍ တကောင်းမှ သာကီဝင်မင်းမျိုး (အိန္ဒိယ တိုင်းသား)တို့နှင့် သရေခေတ္တရာရှိ ပျူလူမျိုးတို့ ပေါင်းစပ်နေထိုင်ရာမှ ပေါက်ပွားပေါ်ထွက်လာခြင်းကို ရည်ရွယ်ကာ "မြန်မာအစ တကောင်းက" ဟု ဆိုရိုးပြုကြသည်ဟုလည်း မှတ်ထင်ဖွယ် ရှိလေသည်။

## (လူမျိုးပြန့်ပွားပုံ–မှတ်စုအကျဉ်း)

(၁) နီဂရီတိုနှင့် အင်ဒိုနီရှင်းများ။
(၂) မွန်ဂိုလီယန် လူမျိုးများ။

mgyoe.com

mgyoe.com

ၡင်းမွန်ဂိုလီယန်လူမျိုးများမှ တစ်ဖန် အောက်ပါ ၃–မျိုးကို ဆင်းသက်ပေါက်ပွားခဲ့ပြန်သည်။

(၁) မွန်ခမာ •

(၂) တိဗက်မြန်မာ။

(၃) ထိုင်းတရုတ်... ဟူ၍ ဖြစ်သည်။

မွန်ခမာလူမျိုးမှ (၁)မွန်။ (၂)ပလောင်။ ၎င်း၂–မျိုးသို့ ကွဲပြားခဲ့သည်။

တိဗက် မြန်မာလူမျိုးမှ (၁)ပျူလူမျိုး၊ (၂)ကမ်းယံ။ (၃) သက်လူမျိုး ဟူ၍ ဖြာထွက်ခဲ့သည်။

ပျူလူမျိုးမှ မြန်မာဟူ၍ လည်းကောင်း။

ကမ်းယံမှ–ရခိုင် ဟူ၍ လည်းကောင်း။

သက်လူမျိုးမှ ကချင်၊ ချင်း၊ ယော...ဟူ၍ လည်းကောင်း အသီးသီး ကွဲပြားလာခဲ့လေသည်။

ထိုင်းတရုတ်လူမျိုးမှ (၁) ကရင် (၂) တောင်သူ။ (၃) ကသည်း။ (၄) ရှမ်း။ (၅) ယိုးဒယား...ဟု ဆင်းသက်ပြန့်ပွားခဲ့ပေသည်။

* * *

## မြန်မာအက္ခရာ ဖြစ်ပေါ်လာပုံ

မြန်မာအက္ခရာများမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက အိန္ဒိယနိုင်ငံတွင် အသုံးပြု ရေးထိုးသော ဗြဟ္မီအက္ခရာမှ ဆင်းသက်ပေါက်ပွားလာသည်ဟု ယုံကြည်ရလေသည်။ မြန်မာနိုင်ငံတွင် ရှေးဦးဆုံးတွေ့ရှိရသော အက္ခရာမှာ ပျူအက္ခရာများဖြစ်၍ မောင်ကံ ရွှေချပ်များတွင် ရေးထိုးထားသည်ကို တွေ့ရှိရလေသည်။ ထိုအက္ခရာများကို ခရစ်သက္ကရာဇ် ၅၀၀–စုနှစ်လောက်က ရေးထိုးသည်ဟုမှတ်ယူ၍ ထိုအချိန်က အိန္ဒိယနိုင်ငံ ကရိသျှန မြစ်ဝှမ်းတွင် ရေးမှတ်ကြသော သာလင်္ကာယနအက္ခရာများ၊ သို့မဟုတ် ကန်နာရာနယ်၌ ရေးမှတ်ကြသော ကဒမ္ဗအက္ခရာများနှင့် ဆင်တူလေသည်။

အစောဆုံး တွေ့ရှိရသော မြန်မာအက္ခရာမှာကား မြန်မာသက္ကရာဇ် ၄၂၀–ပြည့်နှစ်၊ ခရစ်နှစ် ၁၀၅၈–ခုနှစ်တွင် ရေးထိုးသော ပုဂံလက်သည်းရှည် ဘုရားကျောက်စာ အက္ခရာများသာ ဖြစ်လေသည်။

အစောဆုံး ပျူအက္ခရာများသည် ပုဂံခေတ်ဦးလောက်အထိ တည်တံ့ခဲ့ပြီးမှ နောင်တွင် တိမ်ငုပ်၍ မြန်မာအက္ခရာများသာ ကျန်ခဲ့လေသည်။

mgyoe.com

mgyee.com

မြန်မာနိုင်ငံသို့ အက္ခရာများ ဝင်ရောက်လာပုံမှာ တကောင်း ဇေရာဇာ လက်ထက်က လည်းကောင်း၊ မြတ်စွာဘုရားဝါတော် ၂၀–(ခရစ်တော်မပေါ်မီ ၅၁၉–နှစ် ခန့်) တွင် စူဠပုဏ်၊ မဟာပုဏ် ညီနောင်တို့ကို အကြောင်းပြု၍ လည်းကောင်း၊ ခရစ်တော်မပေါ်မီ ၂၂၇ ခုနှစ်ခန့်တွင် သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်းကိုးဌာန အဝင်အပါ သထုံပြည်သို့ သာသနာပြု စေလွှတ်ရာ၌ လည်းကောင်း၊ ခရစ်တော် သက္ကရာဇ် ၄၅၀–ပြည့်နှစ်ခန့်တွင် အရှင်မဟာ ဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ကျွန်းမှ သထုံသို့ ပိဋကတ်တော်များ ပင့်ဆောင်လာရာ၌ လည်းကောင်း စာပေအက္ခရာများ သွင်းယူဖွယ် ရှိသည်ဟု တွေးဆရလေသည်။ ဟလင်း ပျူအက္ခရာများမှာ အလွန်ပင် ရှေးကျလေသည်။

ရာဇဝင် အထောက်အထားအရမူကား ခရစ်နှစ် ၅၀၀–ခုနှစ်လောက်က ရေးထိုးသည်ဟု ယူဆရသော သရေခေတ္တရာ ပျူအက္ခရာများကို အမှီပြု၍ အိန္ဒိယနိုင်ငံတောင်ပိုင်း ကဒမ္ဗအက္ခရာ၊ ပလ္လဝအက္ခရာများနှင့် အသွင်တူသည့်အတိုင်း ထိုခေတ်လောက်ကပင် အိန္ဒိယလူမျိုးများ လာရောက်နေထိုင်ကြရာမှ အက္ခရာ အရေးအသားကိုပါ မြန်မာနိုင်ငံ အောက်ပိုင်းသို့ ယူဆောင်လာခဲ့ကြသည်ဟု မှတ်ယူကြရလေသည်။ ထိုအက္ခရာများကို သရေခေတ္တရာပျူတို့က လည်းကောင်း၊ သထုံမွန်တို့က လည်းကောင်း အသီးသီး ပြုပြင်၍ လက်ခံသုံးစွဲခဲ့ကြလေသည်။

ထိုမှစ၍ ခရစ်သက္ကရာဇ် ၁၀၅၀–ခန့်တွင် ပုဂံပြည်အနော်ရထာမင်း သထုံကို တိုက်ခိုက်အောင်မြင်သောအခါ သထုံတစ်ခွင်၌ မွန်လူမျိုးတို့တွင် မွန်အက္ခရာဟူ၍ အရေးအသား သီးခြားရှိကြပြီးဖြစ်၍ ထိုအက္ခရာများမှာ ပုဂံပြည်သို့ ပြန့်ပွားလာရင်း ပျူအက္ခရာများအပြင် မြန်မာအက္ခရာသစ်များလည်း တသီးတခြား ပေါ်ပေါက်လာပြန်သည်ဟု ယူဆရလေသည်။ မြန်မာအက္ခရာသည် မွန်နှင့်ပျူတို့၏ အက္ခရာများနှင့် များစွာ နီးစပ်တူညီချက်များ ရှိလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာအက္ခရာ အခြေခံရာ ပျူရောမွန်ပါ အက္ခရာအားလုံးမှာ အိန္ဒိယတောင်ပိုင်း ဗြဟ္မီအက္ခရာမှ အဆင့်ဆင့် ကူးပြောင်းလာခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။

ရှေးခေတ် အိန္ဒိယနိုင်ငံတွင် ရေးထိုးကြသည့် ပလ္လဝ၊ ကဒမ္ဗ၊ စာလုကျ၊ ကလိင်္ဂ၊ သာလင်္ကာယန အက္ခရာအားလုံးမှာ ဆင်တူယိုးမှားချည်းဖြစ်၍ ရှေးဟောင်း တေလုဂုကန္နာအက္ခရာ အမျိုးအစားပင်ဖြစ်ပြီး ဗြဟ္မီအက္ခရာမှပင် ဆင့်ပွားလာခဲ့သည်ဟု မှတ်ယူရလေသည်။ ထိုကြောင့် ရှေးဟောင်းအိန္ဒိယ ဗြာဟ္မီခေါ် (အသောက ကျောက်စာများတွင် ရေးထိုးသုံးစွဲသည့်) အက္ခရာများမှ တစ်ဆင့် ကုသန၊ ဂုတ္တ၊ ဂြန္ထ၊ ကဒမ္ဗ၊ မောင်ကံပျူ၊ ခင်ဗပျူ၊ မြစေတီ ပျူ၊ မွန်မြန်မာ ကျောက်စာ၊ မွန်မြန်မာပေစာ၊ အက္ခရာတို့ကို တစ်ဆင့်စီ

mgyee.com

mgyoe.com
လေ့လာလျှင် ထိုအက္ခရာ ပုံသွင်များ ဆင်တူနီးစပ်၍ ပြောင်းလဲ ရွေ့လျောကြောင်းကို သတိပြုမိနိုင်လေသည်။

မြန်မာနှင့်မွန်အက္ခရာများမှာ ပုဂံခေတ် ကျောက်စာများမှစ၍ ယခုခေတ် စာပေများ အထိ အက္ခရာ အသွင်ပြောင်းလွဲလာခဲ့လေသည်။ ထိုကြောင့် (ပင်မ) ဖြစ်သော ဗြဟ္မီနှင့် များစွာ ကွဲပြားလျက် ရှိနေခဲ့လေသည်။

* * *

## ဗုဒ္ဓသာသနာ ဝင်ရောက်လာပုံ

မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓသာသနာတော် ဝင်ရောက်လာသည်မှာ မြတ်စွာဘုရား ပွင့်တော်မူစဉ် ကာလမှစ၍ အကြိမ်ကြိမ် ဝင်ရောက်လာခဲ့၍ အချို့အကြိမ်၌ အနည်းငယ်သာ ပြန့်ပွားထွန်းလင်းပြီး အချို့အကြိမ်၌မူ များစွာ စည်ပင်ထွန်းလင်းခဲ့လေသည်။ တစ်ကြိမ် ဝင်ရောက်ပြီး သာသနာမှာ မှေးမှိန်သွားရာတွင် နောက်တစ်ကြိမ် သွင်းဆောင် ဖြန့်ချိပြန်သော အခါမှ ထွန်းလင်းတောက်ပ လာပြန်သည်ကိုလည်း သတိပြုနိုင်လေသည်။

(က) မြန်မာနိုင်ငံသို့ သာသနာ ဝင်ရောက်လာပုံအစဉ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

မြတ်စွာဘုရား ပွင့်တော်မူ၍ ၄၉–ရက်မြောက်သောနေ့တွင် ဥက္ကလာပ ဇနပုဒ်တိုင်းမှ တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့ကို အကြောင်းပြု၍ ဆံတော်မြတ်နှင့် သရဏဂုံ နှစ်ပါးကို ကိုးကွယ်ပူဇော်ကြရ၍ ဆံတော်ကို သိင်္ဂုတ္တရကုန်း၌ ဌာပနာလျက် ရွှေတိဂုံစေတီကို တည်ထားကိုးကွယ်ခဲ့သည်တွင် အောက်မြန်မာနိုင်ငံသို့ သာသနာ ရောက်လာလေသည်။

(ခ) မြတ်စွာဘုရား ပွင့်တော်မူချိန်၌ပင် သာကီဝင်မင်း ဓဇရာဇာ ဝင်လာရာ၌ မြန်မာနိုင်ငံ အထက်ပိုင်းသို့ ဗုဒ္ဓသာသနာ ရောက်လာဖွယ် ရှိသည်ဟုလည်း ယူဆရလေသည်။ သို့ရာတွင် ပြန့်ပွားခြင်း မရှိခဲ့ချေ။

(ဂ) မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင် သထုံတိဿဓမ္မသီဟရာဇာ မင်းလက်ထက် တိဿရသေ့ညီနောင်တို့၏ တောင်းပန်ချက်အရ အရှင် ဂဝမ္ပတိသည် မြတ်စွာဘုရားနှင့် ရဟန္တာငါးရာတို့အား သထုံပြည်သို့ ပင့်ဆောင်လာသည်တွင် အောက်မြန်မာနိုင်ငံ၌ သာသနာတော် ထွန်းလင်း ပြန်လေသည်။

(ဃ) မြတ်စွာဘုရား ဝါတော် ၂၀–အရတွင် သုနာပရန္တတိုင်းမှ စူဠပုဏ်၊ မဟာ ပုဏ်၊ ညီနောင်တို့ကို အကြောင်းပြု၍ အထက်မြန်မာနိုင်ငံ လှယ်ကိုင်း

mgyoe.com

mgyoe.com

အရပ်သို့ မြတ်စွာဘုရား ကြွရောက်လာတော်မူ၍ သစ္စဗန္ဓ တောင်ခြေတွင် စက်တော်ရာ ချထားခဲ့ရာ၌လည်း အထက်မြန်မာနိုင်ငံ၌ သာသနာ ထွန်းလင်းခြင်း ရှိခဲ့လေသည်။

(င) ထို့နောက် ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူ၍ သာသနာနှစ် ၁၀၁–နှစ်သို့ အရောက်တွင် သရေခေတ္တရာ၌ ဒွတ္တပေါင်မင်းကြီးသည် မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ကို ဌာပနာ၍ စေတီတည်ပြန်သဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း၌ သာသနာတော် ထွန်းလင်းလျက် ရှိခဲ့ပြန်သည်ဟု မှတ်ယူရ လေသည်။

(စ) ထို့နောက် သာသနာနှစ် ၂၃၅–ခုနှစ်တွင် ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာ သောကမင်းကြီးသည် တတိယ သင်္ဂါယနာတင်ပြီး၍ ကိုးတိုင်း ကိုးဌာနသို့ ရဟန်းတော်များအား သာသနာပြု ပန်ကြားတော်မူသောအခါ ယောနက ဓမ္မရက္ခိတမထေရ်နှင့် အခြားမထေရ်လေးပါးတို့သည် အထက်မြန်မာနိုင်ငံ သုနာပရန္တတိုင်းသို့ လည်းကောင်း၊ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် တို့သည် အောက်မြန်မာနိုင်ငံ သုဝဏ္ဏဘုမ္မိတိုင်းသို့ လည်းကောင်း သာ သနာပြု ကြွချီတော်မူလာခဲ့ကြရာတွင်ကား– သာသနာတော်သည် ထူးခြား စွာ ပြန့်ပွားထွန်းလင်းလာခဲ့လေသည်။ ထိုအကြိမ်သည် သာသနာတော် ဦးစွာပြန့်ပွားဆုံးသော အချိန်ပင် ဖြစ်လေသည်။

(ဆ) ထို့နောက် သာသနာနှစ် ၉၄၀–ခန့်၊ ပုဂံပြည် ကြောင်ဒူရစ်မင်းလက်ထက် လောက်တွင် အရှင်ဗုဒ္ဓဃောသမထေရ်သည် ထေရဝါဒ ပိဋကတ်တော်များ ကို ရေးကူး၍ သထုံပြည်သို့ ပင့်ဆောင်ခဲ့ရာ လေ့လာခွင့်ရကြသဖြင့် သာသနာတော် ထွန်းလင်းပြန်လေသည်။

ထို့နောက် သာသနာနှစ် ၁၆၀၁–ခုနှစ်၊ ပုဂံသက္ကရာဇ် ၄၁၉–ခုနှစ်တွင် ပုဂံပြည် အနော်ရထာမင်းက သထုံမှ ပိဋကတ်တော်များကို ပင့်ဆောင် ကိုးကွယ်ပြန်သဖြင့် ပုဂံပြည် နှင့် အထက်ပိုင်းတွင် ဗုဒ္ဓသာသနာတော် ထိန်လင်းစွာ ထွန်းတောက်ခဲ့ပြန်လေသည်။

(ဇ) ထို့နောက် သာသနာတော်သည် အစဉ်ထွန်းလင်းလျက် ရှိခဲ့ရာတွင် ၅၅၄– ခုနှစ်လောက်၌ သီဟိုဠ်ကျွန်းတွင် ကျမ်းဂန်သင်ကြား၍ ပဉ္စင်းတက်ခဲ့သော ဥတ္တရာဇီဝမထေရ်၏ တပည့် ဆပဒမထေရ်နှင့် ရဟန်းတော် ၄–ပါးတို့ ပုဂံပြည်သို့ ရောက်ရှိလာရာတွင် သထုံရှင်အရဟံ၏အနွယ် ပုဂံသား ရဟန်း တို့မှာ ရဟန်းခံမှု၌ ဝိနည်းတော်နှင့် မညီဟု မှတ်ယူ၍ ထိုရဟန်းများနှင့်

mgyoe.com

mgyoe.com

အတူ ကံကြီးကံငယ်မဆောင်ဘဲ ဂိုဏ်းကွဲလာခဲ့ကြရာမှ သီဟိုဠ်မှ ဗုဒ္ဓသာသနာမှာ ပို၍ထွန်းလင်း ပြန့်ပွားလာခဲ့ပြန်လေသည်။

ထိုမှစ၍ ဗုဒ္ဓသာသနာတော်မှာ မှေးမှိန်သည် မရှိဘဲ အစဉ်တည်မြဲ ထွန်းလင်းလာခဲ့လေသည်။

(မြန်မာနိုင်ငံ သာသနာပိုင်အဆက်ဆက် စာရင်းကို
နောက်ဆက်တွဲတွင် ရှုပါ။)

* * *

## ယဉ်ကျေးမှု ဝင်ရောက်လာပုံ

မြန်မာနိုင်ငံသို့ ရှေးဦးစွာ ဝင်ရောက်လာသော မွန်ခမာ တိဗက်မြန်မာနှင့် ထိုင်းရှမ်းလူမျိုးများတွင် မိမိတို့ဆိုင်ရာ ယဉ်ကျေးမှုများ ပါရှိလာကြသည်သာ ဖြစ်လေသည်။ သို့ရာတွင် များစွာ တိုးတက်ခြင်း မရှိခဲ့ကြသေးချေ။

ထိုလူများ ဝင်ရောက်နေထိုင်ပြီးနောက်တွင် အိန္ဒိယနိုင်ငံမှ သာကီဝင်မင်းမျိုးတို့ ကုန်းလမ်းဖြင့် ဝင်ရောက်လာသောအခါ ထီးနန်းအုပ်ချုပ်မှုဆိုင်ရာ အတတ်ပညာများပါရှိလာခဲ့သည့်ပြင် အိန္ဒိယနိုင်ငံတွင် ထွန်းကားပြီးဖြစ်သော စာရေး၊ စာဖတ်၊ တူရိယာပညာစသော အတတ်များ ပါရှိလာဟန် တူလေသည်။ မဟာယာန ဗုဒ္ဓဘာသာ အယူဝါဒလည်း ပါရှိလာမည်ဟု ထင်ရလေသည်။ သို့ရာတွင် သာသနာနှစ် ၂၀၀–ကျော်လောက်သို့ ရောက်သောအခါ အိန္ဒိယပြည်မှ ယဉ်ကျေးမှုများမှာ ရေလမ်းခရီးဖြင့် များစွာပင် ဝင်ရောက်လာခဲ့ကြောင်းကို အထင်အရှား သိရှိရလေသည်။

ထိုအခါက သရေခေတ္တရာမြို့မှာ ပင်လယ်ကမ်းခြေဖြစ်၍ ပျူလူမျိုးတို့ ထိုခေတ်က ရေးထိုးခဲ့သော အရိုးအိုးအက္ခရာများမှာ အိန္ဒိယတောင်ပိုင်းမှ အက္ခရာမျိုးနှင့် တူညီကြောင်းကို တွေ့ရှိနိုင်လေသည်။ မြန်မာနိုင်ငံ ကမ်းခြေရှိ ပျူနှင့်မွန်တို့မှာ အိန္ဒိယပြည်မှ ဟိန္ဒူလူမျိုးများနှင့် ဆက်သွယ်၍ ရောင်းဝယ်ဖောက်ကားကြသဖြင့် ထိုလူမျိုးတို့ထံမှ အဆောက်အဦဗိသုကာပညာနှင့် ဥပဒေများ၊ ပုံပြင်များကိုပါ လေ့လာယူခဲ့ကြ၍ အိန္ဒိယလူမျိုးများနှင့် ဟိန္ဒူလူမျိုးများ၏ အယူဝါဒများပါ စွဲဝင်ခဲ့လေသည်။ ပြည်မြို့ရှိ ထိုခေတ်က တည်သော ဘောဘောကြီးဘုရားမှာ ဟိန္ဒူဝတ်ကျောင်း သဏ္ဌာန်နှင့် တူလေသည်။ အိန္ဒိယမှ ဗိသုကာပညာမှာမွန်တို့မှ တစ်ဆင့် ပုဂံပြည်သို့ပင် ရောက်ရှိလာရာ ပုဂံဘုရားပုထိုးများနှင့် ရုပ်တုများတွင် ဟိန္ဒူယဉ်ကျေးမှု လက်ရာသွင်ပြင်များကို တွေ့ရှိနိုင်လေသည်။ ရုပ်တုရုပ်လုံးများ၏ သွင်ပြင်နှင့် ဝတ်ပုံ–စားပုံမှာလည်း အိန္ဒိယလူမျိုးများ၏ သွင်ပြင်နှင့် တူလေသည်။ ထိုခေတ်တွင် သင်္ဘောများဖြင့် ပင်လယ်သို့ သွားနိုင်ခဲ့ကြပြီ ဖြစ်လေသည်။

mgyoe.com

mgyoe.com

သက္ကရာဇ် ၄၀၀–ကျော် ပုဂံခေတ်သို့ ရောက်သောအခါတွင်ကား ယဉ်ကျေးမှုမှာ များစွာ တိုးတက်လာပြီ ဖြစ်လေသည်။ အိန္ဒိယပြည်မှ ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းပဲ၊ ပန်းထိမ်နှင့် တူရိယာပန်တျာ ပညာများလည်း ဝင်ရောက်လာခဲ့လေသည်။ မွန်တို့ကို တိုက်ခိုက်အောင်မြင်ရာတွင် ယိုးဒယားမှတစ်ဆင့် ဝင်ရောက်လာသော ဟိန္ဒူယဉ်ကျေးမှုများနှင့် ဗုဒ္ဓဘာသာကိုပါ ဆက်ခံရရှိလေသည်။ သီဟိုဠ်နှင့်လည်း အဆက်အသွယ်ရှိခဲ့၍ ပါဠိစာပေကျမ်းဂန်များ ရရှိခဲ့လေသည်။ သက္ကတစာပေမှ ဆေးဝါးဗေဒင် စသော လောကီပညာရပ်များကိုလည်း တတ်မြောက်လာခဲ့ကြလေသည်။ အခြင်အတွယ် အချိန်အဆစနစ်များကိုလည်း တိုးတက်လာခဲ့လေသည်။ တရုတ်နိုင်ငံမှ အဝတ်အထည်–မြေထည်၊ စဉ့်ထည် ပြုလုပ်မှု၊ ဆေးဆိုးမှု၊ လက်မှုပညာများကိုလည်း ရရှိခဲ့လေသည်။ စစ်ရေးစစ်ရာ ဆင်စီး၊ မြင်းစီး စသော အတတ်ပညာများကိုလည်း တတ်မြောက်ကြလေသည်။ ကဗျာလင်္ကာ ဘက်၌လည်း တတ်မြောက်ကြလေသည်။

မြန်မာနိုင်ငံ အနီးအပါးနိုင်ငံများ၊ လူမျိုးများနှင့် ဆက်ဆံခွင့်ရသည့်အလျောက် ယဉ်ကျေးမှုများ တစ်စတစ်စ တိုးတက်ကျယ်ပြန့်လာရာတွင် ပင်းယခေတ်၌ သက္ကတဘာသာပြန်ကျမ်းများ ပေါ်ထွက်ခဲ့လေသည်။ အင်းဝခေတ်တွင်လည်း လောကီပညာရပ်များ ကျယ်ဝန်းလာ၍ ဗေဒင်ဆေးဝါး၊ တရားဓမ္မသတ်၊ ဆင်ကြန်၊ မြင်းကြန် စသော ပညာများ ထွန်းကားလာလေသည်။

သက္ကရာဇ် ၇၀၀–ကျော်လောက်တွင်ကား ဥရောပနိုင်ငံသားများ အရှေ့ဘက် တစ်လွှားသို့ ရေကြောင်းဖြင့် လှည့်လည်လာခဲ့ကြရာတွင် အီတလီလူမျိုး၊ ဒတ်ချ်လူမျိုး၊ ပေါ်တူဂီလူမျိုးများ ရောက်ရှိခဲ့ကြသဖြင့် ခဲယမ်းသေနတ်ပစ်ခတ်မှု အတတ်များကို တတ်မြောက်လာကြလေသည်။ နိုင်ငံခြားနှင့် အရောင်းအဝယ်လည်း တိုးတက်စည်ကားလာခဲ့လေသည်။

သက္ကရာဇ် ၉၀၀–ကျော်တွင်ကား ယိုးဒယားကိုအောင်နိုင်ရာမှ ယွန်းထည်အတတ်၊ ဂီတသဘင် အတီးအမှုတ် အတတ်များကိုလည်း တတ်မြောက်လေသည်။ မဏိပူရဘက်မှ ရက်ကန်းအတတ်ကိုလည်း သင်ယူတတ်မြောက်ခဲ့ကြလေသည်။ နိုင်ငံအုပ်ချုပ်ရေးတွင် စစ်တမ်းများကိုလည်း ကောက်ယူခဲ့ကြလေသည်။

သက္ကရာဇ် ၁၀၀၀–ကျော်သို့ ရောက်ရှိလာသောအခါတွင်ကား ဥရောပနိုင်ငံများနှင့် ဆက်ဆံခွင့်ရသဖြင့် တစ်ကြောင်း၊ ယိုးဒယား၊ တရုတ်၊ အိန္ဒိယ စသော အနီးအပါးနိုင်ငံများနှင့် သွားလာတုံ့လှယ် ဆက်ဆံခွင့်ရရှိပြီးဖြစ်သည် တစ်ကြောင်းတို့ကြောင့် ယဉ်ကျေးမှုမှာ အထူးတိုးတက်လာလေသည်။ စာပေဘက်တွင်လည်း ဘာသာပြန်ကျမ်းများနှင့် ပညာရပ်ဆိုင်ရာ စာပေများအပြင် အင်္ဂလိပ်၊ တရုတ်၊ ယိုးဒယားဂီတတို့မှ မြန်မာမှုပြုထားသော

mgyoe.com

ဂီတသီဆိုတီးမှုတ်မှုများအပြင် ဇာတ်တော်များ၊ အကအခုန် တူရိယာ ပစ္စည်းများမှာလည်း တိုးတက်ပြောင်းလဲကာ ဝင်ရောက်ခဲ့လေသည်။ ဘာသာစကားဆိုင်ရာ အဘိဓာန်ကျမ်းများ၊ လောကဓာတ်ပညာ ကျမ်းများလည်း ပေါ်ထွက်ခဲ့ရုံမက အုပ်ချုပ်ရေး ဆိုင်ရာကျမ်းများလည်း ပေါ်ထွက်ခဲ့လေသည်။

အုပ်ချုပ်ရေးစနစ်မှာ ပြောင်းလဲတိုးတက်လာ၍ နိုင်ငံခြားများနှင့် သံတမန် လဲလှယ်စေလွှတ်ခြင်းများ ရှိလာလေသည်။ သက္ကရာဇ် ၁၂၀၀–ခန့်လောက်တွင်ကား နယ်ချဲ့စနစ်ယဉ်ကျေးမှုများ ဝင်ရောက်လာခဲ့လေသည်။ စက်မှုလက်မှုလည်း ထွန်းကားလာ၍ နိုင်ငံတော်တွင် သံစက်ရုံ၊ လွှစက်ရုံ၊ ဒင်္ဂါးသွန်းစက်ရုံ၊ ဆန်စက်ရုံ၊ မီးစက်ရုံ၊ ပုံနှိပ်စက်ရုံ၊ လက်နက်စက်ရုံ စသည်များကို တည်ဆောက်လာခဲ့၍ ကြေးနန်းရိုက်ကြားမှုအတတ်၊ တိုပီတိုခေါ် ရေမြှုပ်ဖုံးလုပ်သော အတတ် စသည်တို့ကိုလည်း တတ်မြောက်လာခဲ့လေသည်။ နိုင်ငံခြားပညာတော်သင်များကိုလည်း စေလွှတ်နိုင်ခဲ့၍ ကူးသန်းရောင်းဝယ်ရေး စာချုပ်များလည်း ချုပ်ဆိုနိုင်ခဲ့လေသည်။

ဗြိတိသျှခေတ်တွင်ကား အတတ်ပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုပညာများ ကျယ်ပြန့်လာသလောက် မြန်မာ့ပင်ကို ဝတ်မှုစားမှု၊ ပေါင်းသင်း ဆက်ဆံမှုဆိုင်ရာ ယဉ်ကျေးမှုများ လျော့ပါးလာပြီး အနောက်တိုင်း ယဉ်ကျေးမှုများ ဝင်ရောက်လာ၍ ဥရောပတိုက်သားတို့၏ နေထိုင်စားသောက် မှည့်ခေါ်ပုံများကိုပါ အတုယူလာခဲ့ကြလေသည်။

* * *

## စာပေတိုးတက်လာပုံ

မြန်မာစာပေ တိုးတက်မှုကို ဆန်းစစ်ရာတွင် ကျောက်စာ၊ ပေ–ပုရပိုက် စသည်ဖြင့် အရေးအသား မှတ်တမ်းဖော်နိုင်သော ခေတ်များကိုသာလျှင် ဆန်းစစ်နိုင်မည် ဖြစ်သည့်အတိုင်း ပုဂံခေတ်မှစ၍ အကျဉ်းအားဖြင့် ဖော်ပြရပေမည်။

### ပုဂံခေတ် (၄၀၀-၆၆၀)

ပုဂံခေတ် စာပေများကို ယင်းခေတ်၌ ရေးထိုးသော ကျောက်စာများကို အထောက်အထားပြု၍ လေ့လာဆန်းစစ်နိုင်လေသည်။ ကျောက်စာများကို ရေးထိုးရာတွင် ရှေးဦးစွာ ပါဠိနှင့် သက္ကတဘာသာ စာပေများဖြင့်သာ ရေးထိုး၍၊ ၄၇၄–ခုနှစ် ကျန်စစ်မင်းလက်ထက် ရာဇကုမာရေးထိုးသော မြစေတီကျောက်စာတွင်သာလျှင် မြန်မာစာအရေးအသားကို စ၍တွေ့ရှိရလေသည်။ အနော်ရထာ၏ လက်သည်းရှည် ကျောက်စာ ၄၂၀၊ စော်လူးမင်း

mgyoe.com
ကျောက်စာ ၄၄၄၊ ပရိမ္မထိးလှိုင်ရှင် ကျောက်စာ ၄၆၉၊ လှည်းထောက်ဘုရား ကျောက်စာ ၄၇၂ တို့မှာ သက္ကရာဇ် စောသော်လည်း မူလထိုး ကျောက်စာအဖြစ် မယူဆကြပေ။

မည်သို့ပင်ဖြစ်စေ အနော်ရထာလက်ထက် မတိုင်မီကပင် မြန်မာစာပေ အရေးအသား ထွန်းကားခဲ့လေရာ ၅၃၅–ခုနှစ်တွင် နန်းတက်သော နရပတိစည်သူ၏ မိဖုရား ဝေဠုဝတီလက်ထက်မှစ၍ မြန်မာကျောက်စာများ အများအပြား ရေးထိုးလာခဲ့ကြလေသည်။ ကျောက်စာများတွင် ဘုရားပုထိုး တည်ကြောင်း၊ လှူဒါန်း ပူဇော်ကြောင်းနှင့် ဆုတောင်းစာ၊ ကျိန်စာ စသည်များ ပါဝင်ခဲ့လေသည်။

ထိုကျောက်စာများတွင် စကားပြေနှင့် လင်္ကာစပ်များကိုပါ တွေ့ရှိရလေသည်။ ထိုထဲ၌စော၍ သေဥ်လည်ကြောင်မင်းလက်ထက်၌ သိုးကလေ အစချီ ပုပ္ပား နတ်တောင် လင်္ကာ၊ နရပတိစည်သူမင်းလက်ထက် အနန္တသူရိယ၏ အမျက်ဖြေလင်္ကာတို့ ပေါ်ပေါက်ခဲ့လေသည်။ ကျစွာမင်းလက်ထက်တွင် မြကန်လင်္ကာလည်း ပေါ်ပေါက်ခဲ့သေး၏။

ကျောက်စာများသာမက ဘုရားဂူနံရံများ၌ မင်ဖြင့် ရေးသားထားသော စဥ်ကွင်းမင်စာများလည်း ပေါ်ပေါက်ခဲ့ရာ ၅၈၂–ခုနှစ်တွင် ရေးထိုးသော ညောင်ဦးဘုရား မင်စာနှင့်၊ ၆၆၃–ခုနှစ် နောက်ပိုင်းတွင် ရေးထိုးသော မင်းနန်သူရွာ ဝိနည်းဓိုရ် ဘုရားမင်စာများမှာ ထင်ရှားလေသည်။

ပုဂံခေတ်တွင် ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပသည့်အတိုင်း စာပေပိဋကတ်ကို အထူးလေ့လာ တတ်မြောက်ကြ၍ စာပေကျမ်းဂန်များကိုလည်း ပြုစုခဲ့ကြလေသည်။

ပုဂံကျစွာမင်းကြီးကိုယ်တိုင် ပြုစုသော သဒ္ဒဗိန္ဒုကျမ်း၊ ပရမတ္ထဗိန္ဒုကျမ်း၊ သမက်သံပျင်အမတ်၏ သံပျင် ဋီကာကျမ်းများအပြင် အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်း၊ အရှင်ဆပဒ၏ သုတ္တနိဒ္ဒေသကျမ်း၊ သင်္ခေပဝဏ္ဏနာဋီကာကျမ်း နာမစာရဒီပကကျမ်း၊ ဝိနယဂူဠတ္ထဒီပနီကျမ်း၊ သီမာလင်္ကာရကျမ်း၊ အလောင်းစည်သူလက်ထက် မဟာဝိမလ ဗုဒ္ဓိထေရ်၏ နျာသကျမ်း၊ ဓမ္မဒဿီသာမဏေ၏ သစ္စဝါစကကျမ်း၊ အရှင်သဒ္ဓမ္မသိရီ၏ သဒ္ဒတ္ထဘေဒစိန္တာကျမ်း၊ သာဂရထေရ်၏ မုခမတ္တသာရကျမ်း စသည်တို့လည်း ပုဂံခေတ်တွင် ပေါ်ထွန်းလာခဲ့လေသည်။

ပုဂံခေတ်တွင် ပါဠိကျမ်းဂန်များမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားကြပုံကိုလည်း ၆၂၈–ခုနှစ်ထိုး သိင်္ခသူသမီး ကျောက်စာအရ သိရှိနိုင်လေသည်။

ထို့ပြင် သာရမွန်ဖျားလက်ထက် အရှင်ဗုဒ္ဓဃောသ၏ မနုဓမ္မသတ်လင်္ကာ၊ ပျူစောထီးလက်ထက် မနောသာရ ဓမ္မသတ်အကျယ်၊ နရပတိစည်သူလက်ထက်၊ အရှင်သာရိပုတ္တရာ၏ ဓမ္မဝိလာသဓမ္မသတ်၊ အလောင်းစည်သူ ဖြတ်ထုံး၊ နန်းတောင်းများမင်း ဖြတ်ထုံး၊ သီဟပတေ့ ဖြတ်ထုံး စသော ဓမ္မသတ်ကျမ်းများလည်း ပေါ်ပေါက်ခဲ့လေသည်။
mgyoe.com

## ပင်းယခေတ်၊ စစ်ကိုင်းခေတ် (၆၆၀-၇၂၆)

(စစ်ကိုင်းခေတ်မှာ ပင်းယခေတ်နှင့် ခေတ်ပြိုင်လိုပင်ဖြစ်၍ သီးခြားမှတ်သား လောက်ဖွယ်လည်း မရှိပေ)

ပင်းယခေတ်တွင် ကျောက်စာများကိုလည်း ဆက်လက် ရေးထိုးခဲ့ကြလေသည်။ ကဗျာလင်္ကာဘက်တွင် ရတု၊ ကာချင်းနှင့် တျာချင်းနှင့် တျာဘွဲ့သီချင်းများ ပေါ်ပေါက်လာခဲ့၍ ၆၇၄–ခုနှစ်တွင် " ခါးပတ်တော်မှာ ရွှေချည်စုံ" အစချီ ကာချင်းနှင့် ၇၀၄–ခုနှစ် နောက်ပိုင်းတွင် ငါးစီးရှင်ကျော်စွာ၏ "တာ၀တိံသာ နတ်ရွာလောချီ" ကာချင်းများမှာ ထင်ရှားလေသည်။

"စတုရင်္ဂဗလအမတ်" ကြီးသည်လည်း "ရွှေဖဝါးတော်အောက်" အစချီ ရတုကို လည်းကောင်း၊ လောကနီတိ ပါဠိကျမ်းကို လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာကျမ်းကို လည်းကောင်း ပြုစုခဲ့၍ သက္ကတဘာသာကို မြန်မာအက္ခရာဖြင့် ဖလှယ်၍ ကလာပ်ကျမ်းကို ပါ ရေးသားခဲ့လေသည်။ ထိုသို့ သက္ကတဘာသာကို မြန်မာအက္ခရာဖြင့် ရေးသားနည်းကို ကလာပ်ပြန်နည်းဟုပင် တွင်ခဲ့လေသည်။ ထိုအမတ်ကြီးသည် ပါဠိဝေါဟာရများကို အသံလှယ် စနစ်ဖြင့် နာမသတ် ပြန်ဆိုနည်းကိုလည်း အသုံးပြုခဲ့လေသည်။

ပင်းယခေတ်တွင် ဆူးတွင်းပစ် ဆရာတော် အသျှင်နာဂိတထေရ်သည်လည်း သဒ္ဒသာရတ္ထဇာလိနီကျမ်းကို ပြုစုခဲ့လေသည်။ အရှင်မဟာဝိဇိတာဝိ၊ အရှင်သဒ္ဓမ္မဂီရိ စသည်တို့လည်း ဝါစကောပဒေသ၊ သဒ္ဒဝုတ္တိ စသော ကျမ်းဂန်များကို ပြုစုခဲ့လေသည်။ လူပုဂ္ဂိုလ်များကား များစွာ မထင်ရှားခဲ့ပေ။

## အင်းဝခေတ် (၇၂၆-၉၀၀)

အင်းဝခေတ်ကား စာပေလောကတွင် မှတ်တမ်းတင်လောက်သည့် စာကောင်းပေကောင်းများ ထွန်းကားရာခေတ်ပင် ဖြစ်လေသည်။ ထိုခေတ်တွင်လည်း ကျောက်စာများ ရေးထိုးကြသည်သာဖြစ်၍ မြန်မာစကားပြေရော လင်္ကာပါ ထိပ်တန်း ရောက်ခဲ့လေသည်။ လင်္ကာစပ်စကားပြေနှင့် ရေးထိုးသော ကျောက်စာများလည်း ပေါ်ပေါက်ခဲ့၍ မင်းကြီးစွာစော်ကဲ လက်ထက် ၇၃၅–ခုနှစ်ထိုး ရတနာစေတီကျောင်း ကျောက်စာ၊ အရှင်သီလဝံသရေး ရတနာ ဗိမာန်ကျောင်း ကျောက်စာနှင့် တောင်ဖီလာပုဂ္ဂိုလ်ကျော်ရေး ရာဇာမုနိစူဠာ ကျောက်စာတို့မှာ ထင်ရှားလေသည်။

အင်းဝခေတ် စာဆိုများတွင် ရဟန်းတော်များသာ များပြားလေသည်။ ထိုခေတ်တွင် အရှင်သီလဝံသ၏ ပါရာယနဝတ္ထုနှင့် ရာဇဝင်ကျော် ပေါ်ပေါက်လာရာ စကားပြေ ကျမ်းများတွင် အတော်ပင်စောလေသည်။ ထိုခေတ်တွင် ပျို့၊ မော်ကွန်း၊ ဧချင်း၊ မေတ္တာစာ၊

mgyoe.com

mgyoe.com
တောလား စသော ကဗျာအဖွဲ့သစ်များ ပေါ်ပေါက်လာ၍ ပျို့နှင့် မော်ကွန်းမှာ အများဆုံး ပေါ်ထွက် လေသည်။ ထိုခေတ်သုံးစကားဝေါဟာရများမှာ ရှေးကျလျက်ပင်ရှိ၍ ယခုအခါ ပေါရာဏ အဖြစ် တည်ရှိနေလေသည်။

အင်းဝခေတ်ပေါ် ရဟန်းစာဆိုတော်များအနက် အရှင်သီလဝံသသည် ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့၊ ဗုဒ္ဓုပ္ပတ္တိပျို့၊ တောင်တွင်းလာပျို့၊ ဓမ္မပါလပျို့၊ တံတားဦးတည် မော်ကွန်းနှင့် ရတုများကို လည်းကောင်း၊ အရှင်ရဋ္ဌသာရသည် ဘူရိဒတ်လင်္ကာ၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့ စသည်နှင့် မော်ကွန်းများကို လည်းကောင်း၊ အရှင်ခေမာသည် ပိဋကတ်ကျမ်းကို လည်းကောင်း၊ ဝန်တောင်လယ် ဘုန်းတော်ကြီးသည် ရတုကဗျာများကို လည်းကောင်း၊ ကန်တော်မင်း ကျောင်းဆရာတော်သည် မေတ္တာစာနှင့် လောကသာရပျို့ကို လည်းကောင်း၊ အရှင်အရိယဝံသသည်၊ မဏိမဥ္ဇူသာ အနုဋီကာ၊ မဏိဒီပဋီကာ၊ ဂန္ထာသရဏကျမ်း၊ ဇာတကဝိသောဓနကျမ်း စသည်တို့ကို လည်းကောင်း၊ အရှင်တေဇောသာရသည် ရွှေဟသ်ာပျို့၊ ပြာဋိဟာခန်းပျို့၊ အာဒါသမုခပျို့ စသည်တို့ကို လည်းကောင်း၊ အရှင်အဂ္ဂသမာဓိသည် သုဝဏ္ဏသာမပျို့ ၃–စောင်နှင့် နေမိပျို့ ၃–စောင်ကို လည်းကောင်း၊ အရှင်ဣန္ဒဂုတ္တသည် နဝရတ်ပျို့ကို လည်းကောင်း ရေးသားတော်မူခဲ့ကြလေသည်။

လူပုဂ္ဂိုလ်များအနက်တွင် အင်းဝ–ပထမ မင်းခေါင်သည် ရတုများကို လည်းကောင်း၊ ရှင်သူရဲသည် သခင်ထွေးဧချင်းကို လည်းကောင်း၊ ရှင်ထွေးညိုသည် ပြည်စုန်မော်ကွန်း၊ ရွှေစာတိုင်ဆင်တော်မော်ကွန်း စသည်တို့ကို လည်းကောင်း၊ ရှင်မြေလူးသည် ဆင်ကြန်လင်္ကာကို လည်းကောင်း၊ ဘယဂါမဏိ၏ သားရန်အောင်သည် ရတုများကို လည်းကောင်း၊ ဝိမလပညာရှိသည် လင်္ကာများကိုလည်းကောင်း၊ ရေးသားခဲ့ကြ၍ မိဖြုနှင့် မိညိုဟူသော နန်းတွင်းသူ နှစ်ဦးကလည်း ရတုများကို ရေးသားခဲ့ကြသည်။

## တောင်ငူခေတ် (၇၀၀–၉၅၉)

တောင်ငူခေတ်တွင် အင်းဝမှ တိမ်းရှောင်လာသော စာဆိုများက စာပေ ဆက်လက် ရေးသား ပြုစုခဲ့ကြလေသည်။ တောင်ငူခေတ်ဦးပိုင်းမှာ အင်းဝ–ကောင်းစားခိုက်ဖြစ်ပြီး တောင်ငူခေတ် နှောင်းပိုင်းမှာ ဒုတိယအင်းဝ ကောင်းစား တိုးတက်စ ဖြစ်ပြန်သောကြောင့် တောင်ငူ၏ စာပေခေတ်မှာ များစွာ မရှည်ကြာလှပေ။

ထိုခေတ်တွင် သာချင်း၊ အန်ချင်းများ ထွန်းပေါ်လာခဲ့၍ ရှေးက ပေါ်ပေါက်ပြီး ရတု၊ ဧချင်း၊ မော်ကွန်းနှင့် ပျို့များကိုလည်း ဆက်လက် ရေးသားကြလေသည်။
mgyoe.com

တောင်ငူခေတ် စာဆိုတော်များမှာ လူပုဂ္ဂိုလ်များသာ များလေသည်။ ၎င်းတို့အနက် လေ့ာ်ကား ၃၀၀၀ မှူးသည် မင်းတရားရွှေထီးချေင်းနှင့် ရတုများကို လည်းကောင်း၊ ပြည်နဝဒေးကြီးသည် ရတုနှင့်ချေင်းများအပြင် မနော်ဟာရီပျို့ စသည်ကို လည်းကောင်း၊ ဗညားဒလသည် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို လည်းကောင်း၊ မင်းသိင်္ခယာသည် မဟာဥပရာဇာချေင်းကို လည်းကောင်း၊ ရှင်မြတ်ခေါင်သည် ချေင်းနှင့် သံပေါက်တို့ကို လည်းကောင်း၊ မဟာပညာကျော်သည် လျှောက်ထုံးကို လည်းကောင်း၊ ရဝေရှင်ထွေးသည် အန်ချင်းကို လည်းကောင်း၊ မင်းဖေယျရန္တမိတ်သည် ဥတေနသာချင်း၊ ပဋ္ဌာစာရီသာချင်း၊ စိဥ္စမာဏသာချင်း၊ မင်းရဲနရာချေင်း စသည်ကို လည်းကောင်း၊ ရှင်သံခိုသည် မင်းရဲဒိဗ္ဗချေင်း၊ ရတနာပြောင်မွန်ဆင်တော် မော်ကွန်းကို လည်းကောင်း၊ အခြား သရေစည်သူကတော်၊ တန်ဆောင်မိဖုရား၊ ရှင်ထွေးနာသိန်၊ နတ်သျှင်နောင်၊ ရာဇဓာတုကလျာ၊ ဆိကိုင်းစား၊ ပြည်မိဖုရား၊ ဥက္ကါပျံ စသူတို့မှာ ရတုကဗျာများကို လည်းကောင်း အသီးသီး ရေးသားပြုစုခဲ့ကြလေသည်။

တောင်ငူခေတ်တွင် ပျို့များ မေးမှိန်လာသလောက် ချေင်းများပို၍ ခေတ်စားလေသည်။ စာပေများမှာ နန်းဆန်၍ နုယဉ်လေသည်။ ပိဋကတ်ကျမ်းများကား များစွာ မထင်ရှားလှပေ။

## ညောင်ရမ်းခေတ် (၉၅၉-၁၁၁၃)

ညောင်ရမ်းခေတ်မှာ စကားပြေများ ထွန်းကားသောခေတ် ဖြစ်လေသည်။ စာပေအရေးအသားမှာ ပေါရာဏများ နည်းပါး၍ ဝါကျရှည်များကို အရေးများလေသည်။ ကဗျာလင်္ကာဘက်တွင် လူးတား၊ တျာချင်း၊ ပြဇာတ်နှင့် ဂီတဘက်တွင် ဘွဲ့သီချင်းများ ပေါ်ထွန်းခဲ့လေသည်။ ရဟန်းစာဆိုနှင့် ကျမ်းပြုပုဂ္ဂိုလ်များလည်း ပေါ်ပေါက်လာခဲ့လေသည်။

ထိုခေတ်တွင် ပျို့များပြန်လည်ပေါ်ထွန်းလာ၍ လူးတားရေလား၊ တျာချင်း၊ ရာဇဝင်ကျမ်း၊ စကားပြေဝတ္ထုနှင့် ပြဇာတ်စသည်တို့လည်း ပေါ်ပေါက်လာခဲ့လေသည်။

ညောင်ရမ်းခေတ်ပေါ် စာဆိုနှင့် ကျမ်းပြုများအနက် အရှင်အရိယာလင်္ကာရ ဆရာတော်သည် ပိဋကတ်အဖွင့် ကျမ်းများကို လည်းကောင်း၊ ဝရာဘိသင်္ဃနာထ ဆရာတော်သည် မဏိကုဏ္ဍလဝတ္ထုကို လည်းကောင်း၊ ရွှေဥမင်ဆရာတော်သည် ဝိနည်း ငါးကျမ်း အဋ္ဌကထာနိဿယကို လည်းကောင်း၊ ဒက္ခိဏာဝန် ဆရာတော်သည် သဒ္ဒါကြီးနိဿယကို လည်းကောင်း၊ ပစ္ဆိမာဝန်ဆရာတော်သည် ဉာသ်ကျမ်းရိုးကိုသော် လည်းကောင်း၊ အရှင်

mgyoe.com
အဂ္ဂ ဓမ္မာလင်္ကာရသည် သဒ္ဒါ–သင်္ဂြိုဟ်–ယမိုက်–ပဋ္ဌာန်းနှင့် ရာဇဝင်ချုပ်ကို လည်းကောင်း၊ တောင်ဖီလာ ဆရာတော်သည် ယသဝဍ္ဎနဝတ္ထု၊ ဝေဿန္တရာပျို့၊ အမေးတော်ပုံကျမ်း စသည်တို့ကို လည်းကောင်း၊ ပုဗ္ဗာရုံဆရာတော်သည် ဂုဠတ္ထဒီပနီ၊ ဝိသုဒ္ဓိမဂ်ဂဏ္ဌိ၊ ဓာတု ကထာယောဇနာပါဠိ၊ နေတ္တိနိဿယ၊ သုတ်သီလက္ခန်ဂဏ္ဌိ စသည်တို့ကို လည်းကောင်း၊ သဒ္ဓမ္မာလင်္ကာရ ဆရာတော်သည် ရတနာကရဝတ္ထုနှင့် ရာဇိန္ဒရာဇ နာမာဘိဓေယျ ဒီပနီ ကျမ်းကို လည်းကောင်း၊ ဦးကုလားသည် မဟာရာဇဝင်တော်ကြီးကို လည်းကောင်း၊ ဦးအောင်ကြီးသည် ဆယ့်နှစ်ရာသီ လူးတားကို လည်းကောင်း၊ ပဒေသရာဇာသည် တျာချင်း၊ ဧချင်း၊ သီချင်းခံများနှင့် သူဇာပျို့ မဏိခက်ပျို့၊ ကျေးဇူးတော်ပျို့၊ မနေ့ာ်ပျို့၊ နအူပျို့၊ ကြာနတ်ကေသာပျို့၊ ဒန္တာသီရိပျို့၊ မဟာပတိပျို့ စသည်များကို လည်းကောင်း၊ သာလွန် မင်း၏သမီး ရွှေဆင်းတုသည် ရတုများကို လည်းကောင်း အသီးသီး ရေးသားပြုစုခဲ့လေ သည်။

## ကုန်းဘောင်ခေတ် (၁၁၁၄–၁၂၄၇)

ကုန်းဘောင်ခေတ်မှာကား စာပေလောကဌ် များစွာ တိုးတက်ပြောင်းလဲလာရုံမက ကျယ်ဝန်းလာသော ခေတ်လည်း ဖြစ်လေသည်။ ပျို့၊ ဧချင်းများမှာ အင်းဝခေတ် အဆင့် အတန်းကို မမီစေကာမူ တစ်နည်းတစ်ဖုံ ထူးခြားလာလေသည်။ ရကန်၊ ရဲတင်း၊ လေးချိုး၊ တေးထပ်၊ ဘောလယ်စသော ကဗျာများ ဆန်းပေါ်လာသည်သာမက ပျို့၊ ရတု၊ အဲချင်း၊ သာချင်း၊ ဒိုးချင်း၊ ဇာတ်ချင်း၊ မေတ္တာစာ၊ ဟောစာ၊ ဝတ္ထု၊ ပြဇာတ်နှင့် စကားပြေကျမ်းများ လည်း ပေါ်ပေါက်လာလေသည်။ အကြောင်းအရာအားဖြင့်လည်း ဝတ္ထု၊ ပိဋကတ်စာပေ၊ ဥပဒေ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ သတ်ပုံကျမ်း၊ ပေါရာဏကျမ်း၊ နိဿယဘာသာပြန်ကျမ်း၊ ခရီးသွားမှတ်တမ်း စသည်အထိ ကျယ်ပြန့်လာလေသည်။ တေးဂီတဘက်မှလည်း ကြိုး၊ ဘွဲ့၊ သီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယားမှစ၍ များစွာ ထွန်းသစ်လာခဲ့လေသည်။ နန်းတွင်း ဇာတ်တော်ကြီးများလည်း ပေါ်ပေါက်ခဲ့လေသည်။

စာပေပြုစုသူများကို မင်းတို့က ချီးမြှောက်သဖြင့်လည်း လူပုဂ္ဂိုလ်စာဆိုများ အများ အပြား ပေါ်ထွန်းခဲ့လေသည်။ ရဟန်းစာဆိုနှင့် အမျိုးသမီး စာဆိုများလည်း များပြားလေ သည်။

အထူးသဖြင့် ပါဠိမှ မြန်မာပြန်သော ဇာတ်တော်ကြီးများ၊ သက္ကတမှ မြန်မာပြန်သော ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းများ၊ ယိုးဒယားမှ ဘာသာပြန်ဟု ဆိုနိုင်သည့် နန်းတွင်း ဇာတ်တော်ကြီးများ ပေါ်ပေါက်ခဲ့သဖြင့် ဘာသာပြန် ထွန်းကားသောခေတ်ဟူ၍လည်း

mgyoe.com

mgyoe.com
ဆိုနိုင်လေသည်။ ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့မှ ပြန်ဆိုသော ကျမ်းများလည်း ပေါ်ထွက်ခဲ့လေသည်။

ထိုခေတ်အတွင်း၌ မွန်စစ်၊ ယိုးဒယားစစ်၊ တရုတ်စစ်နှင့် အင်္ဂလိပ်စစ်ရေးများကြောင့် စာပေများ ပျက်စီးဆုံးရှုံးခဲ့ရသည်လည်း ရှိလေသည်။ သက္ကရာဇ် ၁၂၃၀ ကျော်တွင် ပုံနှိပ်ခြင်းအတတ် တတ်မြောက်လာကြ၍ သတင်းစာပင် ပေါ်ထွက်လာခဲ့လေသည်။ ကုန်းဘောင်ခေတ်တွင် ပိဋကတ်တော်များကို ပဥ္စမ သင်္ဂါယနာတင်သည့်အခါတွင် မှတစ်ပါး ကျောက်စာ ရေးထိုးမှုများ နည်းပါးလေသည်။ ကုန်းဘောင်ခေတ်တွင် သတ်ပုံ အရေးအသား ချွတ်ယွင်းမှုများ ရှိလာသဖြင့် သတ်ပုံကျမ်း များစွာ ပေါ်ထွက်လာသည် သာမက သတ်ပုံအဆုံး အဖြတ်အတွက် မင်းမိန့်ထုတ်ပြန်ရသည်လည်း ရှိလေသည်။

ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းသော ရဟန်းစာဆိုကျမ်းပြု ပုဂ္ဂိုလ်များအနက် ကျည်းကန်ရှင်ကြီး၊ အရှင်ဥက္ကံသမာလာတို့မှာ မေတ္တာစာနှင့် သတ်ပုံကျမ်းများကို လည်းကောင်း၊ ဦးသြဘာသ၊ အရှင်နန္ဒမေဓာ၊ အရှင်ပညာတိက္ခတို့မှာ ဇာတ်တော်ကြီး ဝတ္ထုများကို လည်းကောင်း၊ မုံရွေးဆရာတော်၊ မန်လည်ဆရာတော်၊ စဥ့်ပါဆရာတော်တို့မှာ ပျို့၊ လင်္ကာ၊ ကဗျာများကို လည်းကောင်း၊ ကျော်အောင်စံထား ဆရာတော်၊ မောင်းထောင်ဆရာတော်၊ သင်္ဂဇာဆရာတော်၊ တောင်တွင်း ဆရာတော်၊ လယ်တီ ဆရာတော်၊ အဘယာရာမ ဆရာတော်၊ ညောင်ကန် ဆရာတော်၊ ကျီးသဲဆရာတော် စသည်တို့မှာ လောကုတ္တရာ စာပေကျမ်းဂန်များကို လည်းကောင်း အသီးသီး ပြုစုတော်မူခဲ့ကြလေသည်။

လူပုဂ္ဂိုလ်များထဲတွင်လည်း စိန္တကျော်သူ၊ လက်ဝဲသုန္ဒရ၊ ရွှေတောင်သီဟသူ၊ ဦးရောက်ကြီး၊ ဦးထွန်းညို၊ ဦးရွှန်း၊ ရွှေတောင်နန္ဒသူ၊ ဦးညို၊ ဦးဖျော်၊ ရွှေတောင်နန္ဒမိတ်၊ ဦးပေါ်ဦး စသည်တို့မှာ ရတုနှင့်ပျို့ကဗျာများကို လည်းကောင်း၊ ကျုံးဝန်ဘုမ္မဇေယျ၊ ဝဏ္ဏဓမ္မကျော်ထင် စသည်တို့မှာ ဓမ္မသတ်ကျမ်းများကို လည်းကောင်း၊ မြဝတီဦးစ၊ ပြင်စည်မင်းသား စသည်တို့မှာ ဇာတ်ချင်း ဂီတတေးသီချင်းများကို လည်းကောင်း၊ ဦးတိုး၊ ဦးလန်းတို့မှာ ရကန်ကို လည်းကောင်း၊ ဒုတိယနဝဒေး၊ ဘိုးဝဇီရတို့မှာ မော်ကွန်းများကို လည်းကောင်း၊ ဦးကြင်ဥ၊ ဦးပုညတို့မှာ ပြဇာတ်များကို လည်းကောင်း၊ အသီးသီး ရေးသားခဲ့ကြလေသည်။

ဘိုးတော်ဦးမင်း၊ ဦးအောင်ဖြိုး၊ အချုပ်တန်းဆရာဖေ၊ ဦးလှုမင်း၊ ဦးကြီး၊ ဦးဆောင်၊ ဦးစိ၊ ဘိုးဝဇီရ၊ မောင်ဖေငယ်၊ ဦးခြိမ့်၊ ဦးချိန်၊ ဦးသံမှို၊ ဦးမောင်ကလေး၊ ဦးဆုသာ၊ ဦးကျော်လှ၊ လက်ဝဲနော်ရထာ၊ ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန် စသော ပုဂ္ဂိုလ်များမှာလည်း ကဗျာများနှင့်တကွ စာပေဆိုင်ရာ ကျမ်းများကို အသီးသီး ရေးသားသူက ရေးသားခဲ့ကြလေသည်။
mgyoe.com

mgyoe.com
အမျိုးသမီးများဘက်မှလည်း မိဖုရားရှင်မင်း၊ မင်းကြီးကတော်ခင်ဆုံ၊ မယ်ခွေ၊ မမြကလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့ ပေါ်ထွက်ခဲ့၍ လှိုင်မင်းသမီး၏ နန်းတွင်းပြဇာတ်များမှာ အထူးပင် ထင်ရှားဂုဏ်မြောက်လေသည်။

## ဗြိတိသျှခေတ် (၁၂၇၄-၁၃၀၃)

ဗြိတိသျှခေတ်တွင်ကား ကဗျာ၊ လင်္ကာနည်းပါး၍ စကားပြေ၊ လောကီကျမ်းများနှင့် လောကုတ္တရာကျမ်းများသာ ပေါ်ထွက်လာခဲ့လေသည်။ ပုံနှိပ်ခြင်းအတတ် ကျယ်ပြန့်လာသည့်အတိုင်း စာပေအမျိုးမျိုးပင် ထွန်းသစ်၍ ရှေးခေတ်များက ပျို့၊ ကဗျာ၊ စာပေကျမ်းဂန်များကိုလည်း ပုံနှိပ်ထုတ်ဝေလေသည်။

လောကုတ္တရာဘက်တွင် ပါဠိ၊ နိဿယ စကားပြေစသည်အားဖြင့် ပိဋကတ်ဆိုင်ရာ၊ စပေဆိုင်ရာ ကျမ်းပေါင်းများစွာ ပေါ်ထွက်ခဲ့၍ ပါဠိနှင့် အင်္ဂလိပ်ဘာသာတို့မှ ပြန်ဆိုသော ဘာသာပြန်ကျမ်းများလည်း ပေါ်ထွက်ခဲ့လေသည်။ ထိုခေတ်တွင် ကာလပေါ်ဝတ္ထုနှင့် ဝတ္ထုဆန်းများများစွာ ခေတ်စားလာခဲ့လေသည်။ စီးပွားရေး၊ ကြီးပွားရေး၊ အိမ်ထောင်ရေး၊ နိုင်ငံရေးနှင့် ဗဟုသုတကျမ်းများ၊ စာပေကျမ်းများ၊ ကဗျာဖွဲ့နည်း ကျမ်းများလည်း ပေါ်ထွက်ခဲ့လေသည်။ ထိုခေတ်တွင် ကျောင်းသုံး စာအုပ်များလည်း ပေါ်ထွက်လာလေသည်။

စာပေနယ်မှာ ပိုမိုကျယ်ပြန့်လာရုံမက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စသည်တို့လည်း များပြားစွာ ထုတ်ဝေကြလေသည်။ ခေတ်စမ်းကဗျာနှင့် ခေတ်စမ်းပုံပြင်ခေါ် ခေတ်စကားပြေ စာပေများလည်း ပေါ်ထွက်လာသည့်ပြင် ကာလပေါ် သီချင်းများနှင့် ပြဇာတ်ဆန်းများလည်း ပေါ်ထွက်လာလေသည်။

ဗြိတိသျှခေတ် နောက်ပိုင်းတွင် လွတ်လပ်ရေးအတွက် သွေးထိုးလှုံ့ဆော်သော ဘာသာပြန်စာပေများ ပေါ်ထွန်းလာခဲ့ရာ ထိုစာပေများကို ဦးဆောင် ထုတ်ဝေသော နဂါးနီစာအုပ်အသင်းမှာ ထင်ရှားလေသည်။

ထိုခေတ်တွင် ထင်ရှားသော ကျမ်းပြုရဟန်းတော်များတွင် ညောင်တုန်း ရွှေဟင်္သာတောရဆရာတော်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ ဘင်္ဂလား ဆရာတော်၊ သေကျွတောင် ဆရာတော်၊ တောင်ပလူ ဆရာတော်၊ မြဝတီ ဆရာတော်၊ ရွှေကျင်ဆရာတော်၊ ဆီးပန်းနီ ဆရာတော်၊ ဟင်္သာတမြစ်ကွေ့ ဆရာတော်၊ တောင်ပေါက်ကျောင်း ဆရာတော်၊ ဘုရားဖြူ ဆရာတော်၊ လယ်တီ ဦးကောဝိဒ ဆရာတော်၊ မိုးညှင်းဆရာတော်၊ လေသာဆရာတော်၊ မင်းကွန်း ဇေတဝန်ဆရာတော် စသည်တို့ ပါဝင်လေသည်။

လူပုဂ္ဂိုလ်များတွင်ကား ဦးသံမှို၊ ဦးအောင်၊ ဦးဘေ၊ ဦးကျော်ရန်၊ မော်ဘီဆရာသိန်း၊ ဦးဖိုးစိန်၊ ဦးကျော်ထွန်း၊ ဦးဖိုးကျား၊ ဆရာဖြေ၊ ဆရာမြို့၊ ဆရာဘီ၊ ဆရာလင်း၊ ဦးသက္က၊
mgyoe.com

mgyoe.com
ပုပ္ပား ဦးကျော်ရင်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆရာစော၊ ဆရာညွန့်၊ ဦးလတ်၊ ပီမိုးနင်း၊ ဦးချစ်မောင်၊ သိပ္ပံမောင်ဝ၊ တက်ထွန်း၊ ဒဂုန်ခင်ခင်လေး၊ မြမျိုးလွင်၊ ရွှေဥဒေါင်း၊ ဦးညာဏ၊ ဟံသာဝတီ ဦးဘရင် စသည်တို့ ပါဝင်လေသည်။

* * *

## ကူးသန်းရောင်းဝယ်ပုံ

မြန်မာနိုင်ငံသည် သက္ကရာဇ် –၈၀၀ မတိုင်မီတွင် ပြည်နီးပါးချင်းဖြစ်သော အိန္ဒိယ၊ တရုတ်၊ သီဟိုဠ်၊ ယိုးဒယားပြည်တို့နှင့် ကူးသန်းရောင်းဝယ်ခဲ့၍ သက္ကရာဇ် ၈၀၀–ကျော်တွင် ဥရောပနှင့် လမ်းပွင့်၍ ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်၊ အင်္ဂလိပ်စသော နိုင်ငံများနှင့်ပါ ကူးလူးဆက်ဆံ ရောင်းဝယ်ဖောက်ကားခဲ့ကြလေသည်။

### အိန္ဒိယ

မြန်မာနိုင်ငံမှ ကျွန်းသစ်၊ ပတ္တမြား စသည်တို့ကို ထုတ်ဆောင်၍ အဝတ်အထည်များ၊ ဆေးဝါးများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ သံမှို၊ ဘုရားရုပ်တုတော် စသည်တို့ကို သွင်းလာကြလေသည်။

### တရုတ်

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပိုးရိုင်း၊ ပိုးချည်၊ ကတ္တီပါ၊ ပန်းထိုးထည်၊ ရွှေဆိုင်း၊ ရွှေချည်၊ ကော်ဖော၊ ဘယဆေးများ၊ ကြေးနီ၊ ရောင်စုံစက္ကူ၊ သစ်သီးခြောက်၊ သကြားခဲ၊ ကြေးအိုး၊ ဓား၊ ကတ်ကြေး၊ သံထည်၊ ငွေ၊ လက်ဖက်ခြောက် စသည်တို့ကို သွင်းယူလာ၍ ဝါဂွမ်း၊ ကျောက်စိမ်း ကျောက်မျက်အမျိုးမျိုး၊ ငှက်သိုက်၊ ဆင်စွယ်၊ ဆေး၊ ကွမ်းသီး၊ ထန်းလျက်၊ ဆား၊ ရေနံ၊ ထင်းရှူးဆီ၊ စိန်ဆေးမှုန့် စသည်တို့ကို ထုတ်ဆောင်လေသည်။

### သီဟိုဠ်

သီဟိုဠ်ကျွန်းမှ မြန်မာပြည်သို့ အုန်းသီး၊ အုန်းထွက်ပစ္စည်းများ၊ ဘယဆေး၊ ဟင်းခတ်အမွှေးအကြိုင်၊ နံ့သာစသည်တို့ကို တင်သွင်းကြလေသည်။ မြန်မာနိုင်ငံမှမူကား ဝါဂွမ်း၊ ရေနံ၊ ထန်းလျက်၊ ဆင်စွယ်စသည်တို့ကို ထုတ်ဆောင်လေသည်။

mgyoe.com

mgyoe.com

## ပေါ်တူဂီ

ပေါ်တူဂီတို့မှာ ကော်ဇော၊ အဝတ်အထည်၊ အရက်၊ ခဲယမ်း၊ သံထည် ပစ္စည်း စသည်တို့ကို သွင်းယူလာ၍ မြန်မာပြည်မှ ကျွန်းသစ်၊ ဆန်၊ ရေနံ၊ ဆင်စွယ်၊ ရွှေငွေ၊ ကျောက်သံပတ္တမြား စသည်တို့ကို ထုတ်ဆောင်သွားကြလေသည်။

## ဒတ်ချ်

ဒတ်ချ်တို့မှာ မြန်မာနိုင်ငံသို့ သွင်းသော ကုန်ပစ္စည်း နည်းပါးပြီး မြန်မာနိုင်ငံမှ ကျောက်သံပတ္တမြား၊ ရွှေငွေ၊ ချိပ်၊ သံဖြူ၊ ငရုတ်ကောင်း၊ ဖယောင်း၊ ဒရယ်ရေနှင့် ကျွဲချို များကို ထုတ်ဆောင်ကြလေသည်။

## အင်္ဂလိပ်

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံသို့ အထည် အလိပ်၊ ခဲယမ်းမီးကျောက်၊ သံထည်၊ စသည်များကို သွင်းယူလာကြပြီး ကျွန်းသစ်၊ ဆန်စပါး၊ ယမ်းစိမ်း၊ စဉ့်အိုး၊ ကတိုး၊ ရွှေငွေ၊ ကြေးနီ၊ သံဖြူ၊ ပြဒါး၊ ကျောက်မျက်၊ ဥဿဖယား၊ သားမွေး၊ ရှားစေး၊ စသည်တို့ကို ထုတ်ဆောင်ကြလေသည်။

## ပြင်သစ်

ပြင်သစ်တို့မှာ အထည်အလိပ်၊ အလှကုန်များ၊ ဆေးဝါး အရက်များကို တင်သွင်း လာပြီး မြန်မာနိုင်ငံမှ ကျွန်းသစ်၊ ပတ္တမြား၊ ကျောက်မျက်၊ ရှားစေး၊ ရွှေငွေ စသည်တို့ကို ထုတ်ဆောင်ကြလေသည်။

❒

mgyoe.com

mgyoe.com

[၄]

# မင်းများ ဆောင်ရွက်ပုံ

## အနော်ရထာ

အနော်ရထာမင်းသည် ပုဂံခေတ်တွင် ထင်ရှားသော သာသနာပြု မင်းတစ်ပါးဖြစ်၍ ပုဂံမင်း ၄၂ ဆက်မြောက် စိုးစံသော မင်းတစ်ပါး ဖြစ်လေသည်။

မင်းအဖြစ်သို့ ရောက်သည်မှစ၍ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ မှားယွင်းသော အရည်းကြီးတို့ ဝါဒကို နှိမ်နင်း၍ အရှင်အရဟံ၏ အကူအညီဖြင့် ဗုဒ္ဓသာသနာတော်ကို ပြန့်ပွားစေခြင်း။

၂။ ရွှေစည်းခုံဘုရား၊ ပေါ်ရိသတ်ဘုရား၊ မဟာပိန္နဲဘုရား၊ တောင်ပြုံး ဆုတောင်းပြည့်ဘုရား၊ ကုသိန္နာရုံ၊ ရွှေစေတီ၊ ဆင်ပြဂူ၊ ကျောင်းတော်ရာ စသော ဘုရားပုထိုးများကို တည်တော်မူခဲ့ခြင်း။

၃။ သထုံမှ ဗုဒ္ဓပိဋကက်တော်များကို ပင့်ဆောင်၍ မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုလေ့ကျက်စေခြင်း၊ ရခိုင်မှ ဆင်းတုတော်နှင့် တရုတ်ပြည်မှ မြဆင်းတုတော်တို့ကို ပင့်ဆောင်ခြင်း။

၄။ မြန်မာယဉ်ကျေးမှု ပညာရပ်များကို တိုးတက်အောင် အားပေးဆောင်ရွက်ခြင်း။

၅။ လူစွမ်းကောင်းများကို အားပေးမြှောက်စားခြင်း။

၆။ နိုင်ငံတော်ကို ပြည်ပရန်မှ ကင်းဝေးအောင် မြို့ပေါင်း ၄၃–မြို့ကို တည်ထောင်ပေးခြင်း။

၇။ နိုင်ငံတော်အတွင်း သိန်းပြုမြို့၊ ထောင်ပြုမြို့၊ ရာပြုမြို့ စသည် မြို့ရွာကြီးငယ်

mgyoe.com

mgyoe.com
များကို စနစ်တကျ ထူထောင်ပေး၍ စစ်သည်အမှုထမ်းများကို အချိုးကျ စုဆောင်းခြင်း။

၈။ လက်အောက်ခံ ဒေသများ၏ စည်းလုံးညီညွတ်မှုအတွက် နိုင်ငံတော်ကို လှည့်ပတ်ကြည့်ရှု ဆောင်ရွက်ခြင်း။

၉။ ပြည်နီးပါးချင်းဖြစ်သော တရုတ်၊ သီဟိုဠ်၊ ဘင်္ဂလား၊ ယိုးဒယား၊ စသော နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်း။

၁၀။ မိတ္ထိလာ ကန်တော်ကြီးကို ဆည်ဖို့ခြင်း။

၁၁။ ပျက္ခရွှေတောင်မှကျသော ရေတို့ကို ဆည်ဖို့ပေးခြင်းနှင့် ပေါင်းလောင်းမြစ်နား၌ လေးဆည်၊ ဇော်ဂျီမြစ်နား၌ သုံးဆည်တို့ကို ဖို့ဆောက်ပေးခြင်း။

၁၂။ နိုင်ငံတော် တစ်ဝန်းလုံးကို ငါးနယ်ခွဲ၍ ကလန်၊ သံပျင်၊ စာချီစသော အမှုထမ်းများကို အုပ်ချုပ်စေခြင်း။

* * *

## ကျန်စစ်သား
## (၄၄၆–၄၇၄)

ကျန်စစ်သားမင်းသည် ပုဂံပြည်တွင် ၄၄ ဆက်မြောက် နန်းစံသောမင်းဖြစ်၍၊ အနော်ရထာမင်းကြီး၏ မိဖုရား ပဉ္စကလျာဏီမှ ဖွားမြင်သော သားတော်တစ်ပါး ဖြစ်လေသည်။ ကျန်စစ်သားမင်းအဖြစ်သို့ ရောက်သည်မှစ၍ ဆောင်ရွက်ခဲ့သည်တို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ခမည်းတော်မင်းကြီး ပျိုးထောင်ခဲ့သော ဗုဒ္ဓသာသနာတော်ကို ဆက်လက် ချီးပင့်စောင့်ရှောက်ခြင်း။

၂။ ခမည်းတော်၏ ကောင်းမှုဖြစ်သော မပြီးသေးသည့် ရွှေစည်းခုံစေတီနှင့်တကွ အာနန္ဒာဘုရား (အနန္တဘုရား) ပုဆစ်တုပ်ဘုရား၊ မင်းအိုချမ်းသာဘုရား၊ တဖက်ကျ၊ သိမ်မစည်းစသော ပုထိုးများ တည်ထားခြင်း။

၃။ မင်းဘူးစက်တော်ရာ ဘုရားကို ဝတ္တကမြေလှူ၍ မဇ္ဈိမဒေသ မဟာဗောဓိသို့ စေလွှတ်၍ တန်ဆောင်း ဆောက်လုပ် လှူဒါန်းခြင်း။

၄။ စောဠတိုင်း ကျေးကုလား မင်းသားတစ်ပါးကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေခြင်း။

၅။ သက်မင်းကတုံ ထိပါးတိုက်ခိုက်လာသည်ကို အနုနည်းဖြင့် ဖယ်ရှားနိုင်ခြင်း။

၆။ ကျေးကုလား သံ့ပန်းများကို မနှိပ်စက်ဘဲ စဠ်ငူအရပ်တွင် နေထိုင်စေခြင်း။
mgyoe.com

၇။ မွန်မြန်မာ ချစ်ခင်မှုကို ဖန်တီး၍ မွန်စာပေနှင့် မွန်ယဉ်ကျေးမှုများကိုပါ အားပေး ချီးမြှောက်ခြင်း။

၈။ သမီးတော် ရွှေအိမ်သည်အား ပဋိက္ခရားကုလားမင်းသားနှင့် မထိမ်းမြားဘဲ အမျိုးအနွယ်ကို စောင့်ထိန်းစေခြင်း။

၉။ ကျောက်ဆည်နယ်ရှိ ရေသွင်းဆည်များကို ပြုပြင်တည်ဆောက်ပေးခြင်း။

၁၀။ နိုင်ငံတော်၏ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်ခြင်း။

၁၁။ ဘင်္ဂလားပင်လယ်တွင်းရှိ ကုလားတို့နေရာဖြစ်သော ငသုံးပင်လယ်နှင့် သံတောင် တို့ကို သိမ်းသွင်းနိုင်ခြင်း။

* * *

## အလောင်းစည်သူ
## (၄၇၄–၅၂၉)

အလောင်းစည်သူမင်းမှာ ကျန်စစ်သားမင်းကြီး၏မြေးတော်ဖြစ်၍ ပုဂံမင်း ၄၅ ဆက်မြောက် ဖြစ်လေသည်။ အလောင်းစည်သူမင်း နိုင်ငံတော်အတွက် ဆောင်ရွက်ချက် များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ နိုင်ငံတော်ရှိ ဆည်မြောင်း ကန်ချောင်းတို့ကို အသစ်ဆည်ဖို့ ပြုစုခြင်း၊ မြို့သစ်၊ ရွာသစ်များ တည်ထောင်ခြင်း။

၂။ တင်းတောင်း၊ ခွဲပြည် စသော အခြင်အတွယ်နှင့် ချိန်–ကျပ်–မူး–ပဲ စသော အချိန်အတွယ်တို့ကို တစ်နိုင်ငံလုံး တညီတည်း သတ်မှတ်ထားခြင်း။

၃။ တရားဥပဒေကို အလေးပြု၍ ဖြတ်ထုံးဓမ္မသတ် တစ်စောင်ကို ထားရှိခဲ့ခြင်း။

၄။ နိုင်ငံခြား ဗဟုသုတရရှိရန်နှင့် ပြည်ပနိုင်ငံများ၏ လေးမြတ်ချစ်ကြည်မှုကို ခံယူရန် ပသျှူးကျွန်း၊ ဂျာဗာကျွန်း၊ ရခိုင်၊ ဘင်္ဂလား၊ သီဟိုဠ်၊ နန်ချောင်ပြည် များသို့ ကိုယ်တိုင် လှည့်လည်ခြင်း။

၅။ နိုင်ငံတော် လုံခြုံရေးအတွက် ကင်းတို၊ ကင်းရှည်များ ထားခြင်း။

၆။ သဗ္ဗညု၊ ရွှေဂူကြီး၊ ရှင်ဖြူရှင်လှ၊ သီဟတော၊ ဖောင်တော်ဦး စသော ဘုရားပုထိုး များစွာကို တည်ခြင်း မဇ္ဈိမဒေသရှိ ဗုဒ္ဓဘာသာ အဆောက်အဦတို့ကို မွမ်းမံခြင်း။

၇။ သာသနာတော် ထွန်းလင်းအောင် ဆောင်ရွက်အားထုတ်ခြင်း။

* * *

mgyoe.com

mgyoe.com

## တပင်ရွှေထီး
## (၈၉၂–၉၁၂)

မင်းတရားရွှေထီးဟုတွင်သော တပင်ရွှေထီးမင်းမှာ တောင်ငူ ၃၀ ဆက်မြောက် မင်းတစ်ပါးဖြစ်၍ မင်းကြီးညို၏ သားတော် ဖြစ်လေသည်။ နိုင်ငံတော်အတွက် တပင်ရွှေထီး၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သူရဲကောင်းများကို ချီးမြှောက်၍ အစိတ်စိတ် ကွဲပြားနေသော နိုင်ငံတော်ကို စည်းလုံးအောင် ဆောင်ရွက်ခြင်း။

၂။ မွန်မြန်မာ စိတ်ဝမ်းမကွဲစေရန် မွန်မှူးမတ် မှုထမ်းများအား ချီးမြှောက်မြဲ ချီးမြှောက်၍ မွန်ယဉ်ကျေးမှုကို အားပေးခြင်း။

၃။ မွန်မှူးမတ်တို့ကိုတိုင်ပင်၍ မွန်ထုံးတမ်းအတိုင်း ဘိသိက် ဆင်ယင်ခြင်း၊ မွန်မြန်မာမှူးမတ်တို့ကို မျှတစွာ ပြုစုချီးမြှောက်ခြင်း။

၄။ နိုင်ငံခြားသား ပေါ်တူဂီများအား ကူးသန်းရောင်းဝယ်ခွင့်ပြုခြင်း။

၅။ မွန်မြန်မာ ရဟန်းတော်တို့အား အညီအညွတ် စည်းဝေးစေ၍ ဆွမ်းကွမ်း လှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်တင်ခြင်း။

* * *

## ဘုရင့်နောင်
## (၉၁၂–၉၄၃)

ဘုရင့်နောင်မှာ–ဟံသာဝတီ ဆင်ဖြူရှင်ဟု ထင်ရှားသော တောင်ငူမင်း ၃၁ ဆက်မြောက် ဘုရင်တစ်ပါးဖြစ်၍ တပင်ရွှေထီး၏ယောက်ဖတော် ဖြစ်လေသည်။ ဘုရင့်နောင်၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ မြန်မာနိုင်ငံတော်ကို အကျယ်ဝန်းဆုံး ဖြန့်ချဲ့၍ တိုင်းရင်းသား စည်းလုံးရေးကို ထိန်းသိမ်းဆောင်ရွက်ခြင်း။

၂။ ချိန်၊ ကျပ်၊ မူး၊ ပဲ စသော အချိန်အတွယ်၊ တင်း၊ ခွဲ၊ စိတ်၊ ပြည် စသော အခြင်အတွယ်များကို တစ်စနစ်တည်း ဖြစ်စေခြင်း။

၃။ အမှုထမ်း အရာထမ်းများတို့ကို ကျေးသား၊ ရင်သား မခွဲမခြား ပြစ်ပေး၊ ချီးမြှောက်၍ သို့ပန်းများကို မနှိပ်မစက် နေရာချထားခြင်း။

၄။ ဆင်းရဲသားများအတွက် မင်းကြားစည်ကြီးကို ထားပေးခြင်း။

၅။ ပန်းတဉ်း၊ ပန်းပဲ၊ ယွန်း၊ ရက်ကန်း၊ ယိုးဒယား၊ အတီးအမှုတ် စသော အနုပညာများကို ပြန့်ပွားစေခြင်း။

mgyoe.com

၆။ စကု၊ စလင်းနှင့် ရှမ်းပြည်စသော အရပ်တို့၌ မိဘဘိုးဘွားများ သေလျှင် တိရစ္ဆာန်များကို သတ်ဖြတ်မြှုပ်နှံခြင်းမျိုးကို တားမြစ်ခြင်း။

၇။ ပုပ္ပားအရပ်၌ ကျွဲနွားတို့ကို သတ်ဖြတ်၍ နတ်ပူဇော်သော အလေ့ကို တားမြစ်ခြင်း။

၈။ နိုင်ငံတော်၌ မူးယစ်သောက်စားခြင်း မရှိအောင် တားမြစ်ခြင်း။

၉။ သာသနာ မထွန်းလင်းသော အရပ်များသို့ သာသနာပြု ရဟန်းတော်များနှင့် ပိဋကတ်တော်များကို ပို့၍ သာသနာ ထွန်းလင်းစေခြင်း။

၁၀။ မဟာစေတီနှင့် ကျောင်းကန်များကို တည်ထားခဲ့ခြင်း။

၁၁။ နိုင်ငံခြားသားများ လာရောက် ရောင်းဝယ်ဖောက်ကားသည်ကို ခွင့်ပြုခြင်း၊ နိုင်ငံခြား ကုန်စည်ရောင်းဝယ်မှုကို အုပ်ချုပ်ရန် ပွဲစားရှစ်ယောက်ခန့် ထားပေးခြင်း။

* * *

## သာလွန်မင်းတရားကြီး
## (၉၉၁–၁၀၁၁)

သာလွန်မင်းမှာ ညောင်ရမ်း ၃ ဆက်မြောက် မင်းတစ်ပါးဖြစ်၍ အင်းဝတွင် ထီးနန်းစံလေသည်။ သာလွန်မင်း၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ စစ်ကိုင်း–ရာဇမဏိစူဠာ ကောင်းမှုတော် စေတီကြီးကို တည်ခြင်း၊ မင်းဘူး၊ စက်တော်ရာ နှစ်ဆူကို တွေ့အောင် ရှာဖွေစေခြင်းနှင့် ကျောင်းကန်များ ဆောက်လုပ်၍ သာသနာရေးကို အားပေးခြင်း။

၂။ တောင်ဖီလာ စသော ကျမ်းတတ် ဆရာတော်များကို ဆည်းကပ် ကိုးကွယ်ခြင်း။

၃။ ကျောက်ဆည်နယ်ရှိ ဆည်များကို ဆည်ဖို့၍ စိုက်ပျိုးရေးကို အားပေးခြင်း။

၄။ ဟံသာဝတီ ဆင်ဖြူများရှင် ဖြတ်ထုံးနှင့် ဝါရီဓမ္မသတ်ကို အခြေပြု၍ မြန်မာ့ထုံးစံနှင့်အညီ မနုသာရ ရွှေမျဉ်း ဓမ္မသတ်ကျမ်းကို ပြုစုစေခြင်း။

၅။ နိုင်ငံတော်အတွင်းရှိ လူဦးရေ၊ စိုက်ပျိုးသောမြေ၊ အသီးအနှံထွက်၊ အခွန်တော် စသည်တို့ကို စစ်တမ်းကောက်ယူခြင်း။

၆။ အလုပ်လက်မဲ့ မရှိစေရန် ဆောင်ရွက်ခြင်း၊ ချေတာသုံးစွဲမှုပြုရန် နှိုးဆော်ခြင်းနှင့် အရွယ်ရောက်ပြီးသူများကို နေရာချထားပေးခြင်း။

၇။ နိုင်ငံတော် ငြိမ်းချမ်းသာယာအောင် ထိန်းသိမ်းဆောင်ရွက်ခြင်း။

* * *

mgyoe.com

mgyoe.com

## အလောင်းမင်းတရား

## (၁၁၁၃–၁၁၂၂)

အလောင်းမင်းတရားမှာ ကုန်းဘောင်ဆက်ကို စတင်ထူထောင်သော မင်းတစ်ပါးဖြစ်၍ မြန်မာနိုင်ငံတော်ကို စည်းရုံးနိုင်ခဲ့သော မင်းတစ်ပါး ဖြစ်လေသည်။

နိုင်ငံတော်အတွက် အလောင်းမင်းတရား၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သေရည်သေရက် သောက်စားခြင်း၊ ခိုးဝှက်ခြင်းတို့ကို ပိတ်ပင်တားဆီး၍ ဆိုင်ရာ အုပ်ချုပ်သူများအား တာဝန်ခံယူစေခြင်း။

၂။ မူးမြစ်မှ ရေသွယ်မြောင်း ဖောက်၍ မဟာနန္ဒာကန်ကြီးကို တူးဖော်ခြင်း။

၃။ ယိုးဒယား တူရိယာဂီတ၊ လက်မှုပညာများကို နိုင်ငံတော်၌ ပြန့်ပွားစေခြင်း။

၄။ တိုင်းတစ်ပါးသားတို့နှင့် သင့်မြတ်အောင် ဆက်ဆံခြင်း။

၅။ သုံ့ပန်းများအား နှိပ်စက်ကလူမပြုခြင်း။

၆။ စာပေကဗျာလင်္ကာကို အားပေးချီးမြှောက်၍ ဓမ္မသတ်ကျမ်းများ ရေးသားစေခြင်း။

၇။ နိုင်ငံတော်ကို စည်းရုံးခဲ့ခြင်း။

* * *

## ဆင်ဖြူရှင်မင်းတရား

## (၁၁၂၅–၁၁၃၈)

ဆင်ဖြူရှင်မင်းမှာ ကုန်းဘောင် ၃ ဆက်မြောက် မင်းတစ်ပါးဖြစ်၍ အလောင်းဘုရား၏ ဒုတိယသားတော် ဖြစ်လေသည်။

ဆင်ဖြူရှင်မင်း နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ထိုင်း၊ ယိုးဒယား၊ လင်းဇင်း၊ မဏိပူရပြည်များကို သိမ်းသွင်းခဲ့ခြင်း။

၂။ တရုတ်နှင့် စစ်လေးကြိမ်ကို အရေးသာအောင် စီမံဆောင်ရွက်ခဲ့ခြင်း။

၃။ အမှုထမ်း အရာထမ်းတို့ကို အစုအဝန်းဖွဲ့၍ ပေးခြင်း။

၄။ နိုင်ငံတော်အတွင်းရှိ ရဟန်းသံဃာတော်တို့ကို လျှုဒါန်း ထောက်ပံ့ခြင်း။

၅။ နိုင်ငံတော်အတွင်း ခရိုင်မြို့ပြ အုပ်ချုပ်ရေးကို စနစ်တကျ စီမံချထားခြင်း။

၆။ တရုတ်ပြည်သို့ ၁၀–နှစ်တစ်ကြိမ် သံစေလွှတ်၍ ချစ်ကြည်စွာ ဆက်ဆံခြင်း။

mgyoe.com

၇။ ရွှေတိဂုံ စေတီတော်ကြီးကို ထီးတော်တင်ခြင်း။

* * *

## ဘိုးတော်ဘုရား

## (၁၁၄၄–၁၁၈၁)

ဘိုးတော်ဘုရားမှာ ကုန်းဘောင် ၆–ဆက်မြောက်မင်းတစ်ပါးဖြစ်၍ ဘိုးတော်ဘုရား၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ဘုရားပုထိုးများစွာ တည်၍ မင်းကွန်းစေတီတော်နှင့် မင်းကွန်း ခေါင်းလောင်းကြီးကို တည်ထားခဲ့ခြင်း။

၂။ မဇ္ဈိမဒေသသို့ ပညာရှိများ စေလွှတ်၍ သက္ကတ၊ မဂဓ၊ ဘင်္ဂလီ၊ နာဂရီ စသော ဘာသာရပ်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းများကို ယူဆောင်စေပြီး မြန်မာဘာသာသို့ ပြန်ဆိုစေခြင်း၊ ပညာရှိတို့အား မြှောက်စားခြင်း။

၃။ အောင်ပင်လယ်ကန်၊ မောင်းမကန်တို့ကို ဆည်ဖို့၍ နန္ဒာကန်ဟု သမုတ်ခြင်း၊ မိတ္ထီလာကန်ကို ဆည်ဖို့ခြင်း။

၄။ မင်းဘူးမှ ဘားအိုင်တောင်ကြားအထိ လှည်းလမ်း ဖောက်လုပ်စေခြင်း။

၅။ မြို့ရွာနယ်ပယ်ရှိ လူနေအိမ်ခြေ၊ လယ်ယာ၊ သီးနှံထွက်၊ အခွန်တော် စသည်တို့အတွက် စစ်တမ်းကောက်ယူခြင်း။

၆။ မင်းမြေ၊ သာသနာမြေခွဲခြား၍ သာသနာမြေမှရသော အခွန်တော်ဖြင့် ရှေးဟောင်းစာပေများ စုဆောင်းခြင်း၊ ကောင်းမှု ကျောက်စာသစ်များ ရေးထိုးခြင်း၊ တွင်းသင်းမင်းကြီးအား ကျောက်စာများကို ကြီးကြပ်အုပ်ချုပ်စေခြင်း။

၇။ ဆန်စပါးနှင့် ရွှေငွေပတ္တမြားတို့ကို နိုင်ငံတော်အကျိုးအတွက် ပြည်ပသို့ မပို့မထုတ်စေရန် တားမြစ်ခြင်း။

* * *

## မင်းတုန်းမင်း

## (၁၂၁၄–၁၂၄၀)

မင်းတုန်းမင်းမှာ ကုန်းဘောင်မင်း ၁၀ ဆက်မြောက် ရတနာပုံ မန္တလေးမြို့ကို တည်သော မင်းတစ်ပါး ဖြစ်လေသည်။ မင်းတုန်းမင်းသည် နိုင်ငံတော်အတွက် အကျိုးရှိဖွယ် များစွာတို့ကို ဆောင်ရွက်တော်မူခဲ့ရာ အောက်ပါ ဆောင်ရွက်ချက်များ ပါဝင်လေသည်။

mgyoe.com

mgyoe.com

၁။ လောကမာရဇိန်၊ ကျောက်တော်ကြီး၊ ရွှေရင်တော် စသော ဘုရားပုထိုးများကို တည်ခြင်း။

၂။ ဗုဒ္ဓသာသနာတော်ကို ပဋ္ဌမအကြိမ်အဖြစ် သင်္ဂါယနာတင်၍ ကျောက်ထက် အက္ခရာတင်ခြင်း၊ စာတော်ပြန်ပွဲများ ကျင်းပခြင်း။

၃။ နိုင်ငံတော်အတွင်း အဘယဒါန၊ ဇီဝိတဒါန၊ အသက်ချမ်းသာခွင့် အလှူများ ပေးခြင်း။

၄။ သတင်းစာ တစ်စောင်ကို ရတနာပုံနေပြည်တော် သတင်းစာ အမည်ဖြင့် ထုတ်ဝေစေ၍ လွတ်လပ်စွာ ရေးသားခွင့်ပြုခြင်း။

၅။ တိုင်းတစ်ပါး ဘာသာခြားများကိုလည်း ထောက်ပံ့ကူညီ၍ သားတော်များအား နိုင်ငံခြားဘာသာ သင်ကြားစေခြင်း။

၆။ မှန်နန်း ရာဇဝင်တော်ကို ဆက်လက် ရေးသားစေခြင်း။

၇။ ဆင်းရဲသား လယ်သမားတို့အား အမတော်ကြေး ချေးငှားလုပ်ကိုင်စေခြင်း။

၈။ လယ်ယာ ဆည်မြောင်းတို့ကို ဆည်ဖို့ အားပေးခြင်း။

၉။ ကျွန်းသစ်၊ ရေနံ၊ ကျောက်နီ စသည်တို့ကို နိုင်ငံခြားသားတို့အား ရောင်းဝယ်ခွင့် မပေးဘဲ တစ်ဦးတည်းပိုင် ချုပ်ကိုင်ထားခြင်း။

၁၀။ အင်္ဂလိပ်တို့နှင့် ကူးသန်းရောင်းဝယ်ရေး စာချုပ် နှစ်ကြိမ်တိုင် ချုပ်ဆိုခဲ့ခြင်း။

၁၁။ ၁၂၂၃–ခုနှစ်မှစ၍ အမှုထမ်းတို့အား လခရိက္ခာ သတ်မှတ်ပေးကာ ထိုငွေ အတွက် သဿမေဓ အခွန်တော်ကို ကောက်ခံခြင်း။

၁၂။ တစ်ကျပ်၊ မတ်၊ မူး၊ စသော ဒင်္ဂါးများကို ခတ်နှိပ်သွန်းလုပ်၍ ထုတ်ဝေသုံးစွဲ ကြစေခြင်း။

❒

mgyoe.com

mgyoe.com

# [၅]
# ပြည်တွင်းဆက်ဆံရေး

## ရခိုင်နှင့် ဆက်ဆံရေး

အနော်ရထာမင်းလက်ထက်တွင် မင်းဘူးနယ်ကို ဖြတ်၍ ရခိုင်ပြည်မြောက်ပိုင်းကို သွားရောက် တိုက်ခိုက်ရာ ရခိုင်မင်းက သမီးတော် ထီးလှိုင်ဖြူကို ဆက်သ ခန့်ညားသည်။

ကျန်စစ်သားမင်းလက်ထက်တွင် ရခိုင်တောင်ပိုင်းသက်မင်းကတုံ ထကြွသဖြင့် စစ်သည်များစေလွှတ်ရာ အရှင်အရဟံက သက်မင်းကို ဆုံးမ၍ အေးငြိမ်းလေသည်။

အလောင်းစည်သူလက်ထက်တွင် ရခိုင်ပြည်၌ သက်မင်းကတုံ အနွယ် –ဆယ် ဆက်မြောက် မင်းဘီလူးကို အမတ်သခ်ယာက လုပ်ကြံမင်းပြုရာ မင်းဘီလူး၏ သား မင်းရဲဘာယသည် မြောက်သားတော် စောပေါက်ညို၊ သားတော် လကျာမင်းနန်တို့နှင့်အတူ ပုဂံသို့ လာရောက်ခိုလှုံနေလေသည်။ အလောင်းစည်သူလည်း လကျာမင်းနန်ကို ဗိုလ်မှူး ခန့်၍ စစ်အင်အားပေးကာ ရခိုင်ထီးနန်းကို တိုက်ယူစေသဖြင့် လကျာမင်းနန်–ရခိုင် ထီးနန်းကို ပြန်ရလေသည်။

နရသီဟပတေ့လက်ထက်တွင် မစ္ဆဂီရိစားက ပုန်ကန်သဖြင့် သရေ ပစ္စပတေ့ကို စေလွှတ်ရာ အရေးမရဘဲ နောက်ရာဇသင်္ကြံကို စေလွှတ်မှ နှိမ်နင်းနိုင်လေသည်။

မင်းကြီးစွာလက်ထက် ၇၃၅ ခုနှစ်တွင် ရခိုင်၌ မင်းဘီလူး အနိစ္စရောက်၍ မင်းဆက် ပြတ်သဖြင့် မင်းလျာတောင်းလာရာ စောမွန်ကြီးကို ဘုရင်ခံအဖြစ် စေလွှတ်ရလေသည်။ ၇၂၄–ခုနှစ်တွင် စောမွန်ကြီး အနိစ္စရောက်သော် စောမည်းအား လွှတ်ပြန်ရာ အအုပ်အချုပ် မတတ်၍ ရခိုင်မှာ လွှတ်ထွက်ရလေသည်။

ဘုရင်မင်းခေါင်လက်ထက် ၇၆၅ ခုနှစ်တွင်ကား ရခိုင်ဘုရင် ထောရာကြီးက ယော၊

mgyoe.com

mgyoe.com
ဆော၊ လောင်းရှည်မြို့များကို ဖျက်ဆီးလာသဖြင့် မင်းရဲကျော်စွာကို စေလွှတ်တိုက်စေရာ နန္ဒင်းတောင်တိုက်ပွဲတွင် ရခိုင်ဘုရင်ကျ၍ သားနရမိတ်လှမှာ မွန်ရာဇာဓိရာဇ်ထံသို့ ပြေးဝင်လေသည်။ ထိုနောက် ဘုရင်မင်းခေါင်က ကလေးစား နော်ရထာမင်းစောကို ရခိုင်မြို့ကိုပေး၍ နောက်တစ်နှစ်အကြာတွင် သမီးတော် ရွှေပြည့်ချမ်းသာနှင့် စုံဖက်ပေးလေသည်။

ရာဇာဓိရာဇ်သည် ရခိုင်မင်းသား နရမိတ်လှကို ရခိုင်တွင် ထီးနန်းတင်ပေး၍ မြန်မာမင်း၏ သားတော် ရခိုင်စား အနော်ရထာကို ကွပ်မျက်ကာ ရွှေပြည့်ချမ်းသာကိုလည်း မိဖုရားမြှောက်လေသည်။

နရပတိလက်ထက် သက္ကရာဇ် ၈၀၁–ခုတွင် သံတွဲတစ်မြို့လုံး မြန်မာလက်အောက်သို့ ဝင်ကြ၍ ရခိုင်ဘုရင်အလိခင်နှင့် ဘုရင်နရပတိတို့သည် ဘိုးခေါင်နွယ်ငန်းတောတွင် ၈၀၆–ခုနှစ်တွင် တွေ့ဆုံ၍ နယ်နိမိတ်ပိုင်းခြားကာ မဟာမိတ်ပြုကြလေသည်။

ထို့နောက် တပင်ရွှေထီးလက်ထက်တွင် ရခိုင်ဘုရင်မင်းဘင်နှင့် ညီတော် သံတွဲစားတို့ မသင့်မတင့်ဖြစ်ကြရာ သံတွဲစား၏ ချီပင့်ချက်အရ တပင်ရွှေထီး ရခိုင်သို့ ချီတက်လေသည်။ ရခိုင်မင်းအညံ့ခံ၍ ညီတော်အား သံတွဲခရိုင်ပေးသဖြင့် ၉၁၈–ခုနှစ်တွင် ပြန်ခဲ့လေသည်။

နန္ဒဘုရင်လက်ထက် ၉၆၀ ပြည့်တွင်ကား ရခိုင်ဘုရင်မင်းရာဇာကြီးသည် တောင်ငူနှင့်ပေါင်း၍ ဟံသာဝတီကို တိုက်သဖြင့် ဟံသာဝတီ ပျက်လေသည်။

ထို့နောက် ကုန်းဘောင် ဘိုးတော်ဘုရားလက်ထက်တွင် ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းက တိုက်ယူသဖြင့် ၁၀၄၃–ခုနှစ် ရခိုင် သမ္မတမင်း လက်ထက်တွင် ရခိုင်ပြည်သည် မင်းဆက်ပြတ်၍ မြန်မာတို့ လက်အောက်သို့ ကျရောက်ခဲ့လေသည်။

ဤသို့အားဖြင့် ရခိုင်မှာ ပိုင်ချည်တစ်ခါ၊ လွတ်ချည်တစ်လှည့်ဖြင့် မြန်မာတို့၏ အကူအညီကို မကြာခဏပင် ရယူခဲ့ကြလေသည်။

* * *

## မွန်နှင့်ဆက်ဆံရေး

မွန်တို့သည် မြန်မာနိုင်ငံ အောက်ပိုင်းတွင် မင်းဆက်များ တည်ထောင် အုပ်စိုးခဲ့ရာ အနော်ရထာမင်းလက်ထက်တွင် သထုံမနူဟာမင်းကို တိုက်ခိုက်ဆောင်ယူခဲ့လေသည်။ ပုဂံပြည်မှာ မွန်တို့နှင့် ရင်းနှီးစွာ ဆက်ဆံခဲ့၍ ကျန်စစ်သား၊ အလောင်းစည်သူတို့မှာ မွန်တို့ကို များစွာ မြှောက်စားခဲ့သည်။

ထို့နောက် အင်းဝမင်းကြီးစွာစော်ကဲလက်ထက် ၇၃၂–ခုနှစ်တွင် ဟံသာဝတီ ဗညား
mgyoe.com

mgyoe.com
ဦးနှင့် မဟာမိတ်ပြုကြလေသည်။ သို့ရာတွင် မွန်ဘုရင်၏ ဦးရီးတော် မြောင်းမြစား လောက်ဖျားကြောင့် ၇၄၈–၇၄၉–၇၅၂ ခုနှစ်များတွင် စစ်ဖြစ်ကြလေသည်။

ဘုရင်မင်းခေါင် လက်ထက် ၇၆၆–၇၆၇–၇၆၉–၇၇၁–၇၇၂–၇၇၄–၇၇၆ ခုနှစ်များတွင်လည်း စစ်မက်ဖြစ်ပွားခဲ့ကြရလေသည်။ သီဟသူလက်ထက် ၇၈၅–ခုနှစ်၌လည်း တစ်ကြိမ် ဖြစ်လေသည်။

သို့ရာတွင် မွန်နှင့် မြန်မာတို့မှာ ရှုံးတစ်လှည့် နိုင်တစ်ခါဖြစ်၍ မြန်မာဘုရင် မင်းခေါင်၏ နှမတော် မင်းလှမြတ်ကို လည်းကောင်း၊ သမီးတော် ရွှေပြည့်ချမ်းသာကို လည်းကောင်း ရာဇာဓိရာဇ်က မိဖုရားမြှောက်၍ ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပုကို အင်းဝဆင်ဖြူရှင် သီဟသူက မိဖုရားမြှောက်ကာ ဆွေမျိုးဆက်ခဲ့ကြလေသည်။

သို့နှင့်ပင် အသေးအဖွဲ့ကိစ္စများနှင့် ပတ်သက်၍ မကြာခဏ တိုက်ခိုက်ခဲ့ကြလေသည်။

ထို့နောက် မင်းကြီးညို လက်ထက်သို့ရောက်သောအခါ ၈၅၄–ခုနှစ်တွင် မွန်တို့က စတင်တိုက်ခိုက်ခဲ့၍ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့လက်ထက် ၈၉၆–၈၉၇–၈၉၈–၈၉၉–၉၀၂–နှင့် ၉၁၃–၉၂၆–ခုနှစ်များတွင် မြန်မာတို့က စတင်တိုက်ခိုက်ခဲ့လေသည်။

မြန်မာမင်းများသည် ဟံသာဝတီ ပျက်ပြီးနောက် ညောင်ရမ်းမင်းဆက်ကို ထူထောင်၍ အင်းဝတွင် နန်းစိုက်ကြသောအခါ မွန်တို့အင်အား တဖြည်းဖြည်း တိုးတက်လာသည့် အတိုင်း ၁၁၀၂–ခုမှ ၁၁၁၉–ခုနှစ်အထိ မွန် သမိန်ထောနှင့် ဗညားဒလတို့ စိုးစံကာ မြောက်ဘက်တစ်လွှားကို တိုက်ခိုက်ပြန်ရာ၊ ၁၁၁၃–ခုနှစ်တွင် အင်းဝ မဟာဓမ္မရာဇာမင်း လက်ထက် အရေးနိမ့်၍ မင်းနှင့်တကွ သိမ်းယူကြပြန်လေသည်။

ထို့နောက် အလောင်းမင်းတရား ကုန်းဘောင်မြို့တော်မှ အင်အားစု၍ မွန်တို့ကို တိုက်ထုတ်ကြရာ ၁၁၁၄–၁၁၁၅–၁၁၁၆–၁၁၁၇–၁၁၁၉–ခုနှစ်များတွင် မြန်မာနှင့် မွန်တို့ အကြိမ်ကြိမ် တိုက်ခိုက်ကြရ၍ ၁၁၁၉ခုနှစ်တွင် ဟံသာဝတီ ကျဆုံးပြီးသည့်နောက်တွင် မွန်မင်းဆက်ပြတ်ကာ တစ်နိုင်ငံသားတည်းအဖြစ် စည်းရုံးမိခဲ့ကြလေသည်။

* * *

## ရှမ်းနှင့်ဆက်ဆံရေး

(က) အနော်ရထာမင်းလက်ထက် ၄၂၂–ခုနှစ်တွင် ရှမ်းတို့ကို တိုက်ခိုက်မှုမှ ကာကွယ်နိုင်ရန် ကင်းမြို့ ၄၃ မြို့ကို တည်တော်မူသည်။ ရှမ်းတို့ မကြာခဏ နှောင့်ယှက်ခြင်း ပြုခဲ့သည်။ သို့ရာတွင် အနော်ရထာ တရုတ်ပြည်မှအပြန် ရှမ်းပြည်အရောက်တွင် မောပြည်စော်ဘွားက သမီးစောမွန်လှကို ဆက်သခန့်ညားသည်။
mgyoe.com

mgyoe.com

မင်းယဉ်နရသိခ်လက်ထက်တွင် ရှမ်းနယ်မြင်စိုင်း ဝက်ဝံအရပ်မှ ပြော့လူမျိုးတို့က သတို့သမီး ဆက်သသဖြင့် ညီတော်အား ပေးလေသည်။ ထိုသတို့သမီးကား ဝေဠုဝတီ ဖြစ်၏။

ပုဂံ နရသီဟပတေ့မင်း လက်ထက်တွင်ကား ဘိန္နကစော်ဘွား၏ သားတော် နှစ်ပါးအနက် ညီတော် သိခ်ဗိုလ်သည် မြင်စိုင်းသို့လာရောက် နေထိုင်ရာမှ သူကြွယ်သမီး တစ်ယောက်နှင့် သင့်မြတ်ကာ သား၃–ယောက်၊ သမီး ၁ ယောက်ရလျှင် နရသီဟပတေ့ မင်းအား ဆက်သလေသည်။ မင်းကြီးက သမီးငယ်ကို သားတော်နှင့် ထိမ်းမြား၍ ညီနောင် ၃–ယောက်ကို မြို့စား–ရွာစား ပေးထားလေရာ ကျော်စွာမင်းလက်ထက်သို့ ရောက်သော် ထိုရှမ်းညီနောင်တို့က ကျော်စွာကို နန်းချကာ ပင်းယ၊ စစ်ကိုင်းမင်းဆက်များ ထူထောင်ကြ လေသည်။

(ခ) အင်းဝသတိုးမင်းဖျား မင်းဆက် မင်းကြီးစွာ လက်ထက်တွင် မြောက်ဘက် ကလေးနှင့် မိုးညှင်း ရှမ်းနယ်များကို အောင်မြင်လေသည်။ မင်းကြီးစွာက ရှမ်းလူမျိုး၊ ကျိန်းခန်းကြီးကိုပင် မိုးညှင်းစားပေးမည်ပြုရာ သောင်းကျန်းသဖြင့် စည်းတစ်ပြစ်ကို သွားရောက် နှိမ်နင်းစေရလေသည်။

ထို့နောက် သက္ကရာဇ် ၇၅၄–ခုနှစ်တွင် မိုးညှင်းစား သိုကျည်ဘွား၏ ယောက်ဖ သိုဟန်ဘွားသည် မြေဒူးမြို့ကို တိုက်ခိုက်လာလေရာ မင်းကြီးစွာက တိုက်ဖျက်သော်လည်း အရေးမလှဘဲ ရှမ်းတို့ စစ်ကိုင်းအထိ ရောက်လာ၍ တိုက်ခိုက် ဖျက်ဆီးသွားလေသည်။

ထို့နောက် ၇၆၅–ခုနှစ်၊ မင်းခေါင်လက်ထက်တွင် အုန်းပေါင်စော်ဘွား သိုကြောင် ဘွားသည် (မန္တလေးအရှေ့) ထွန်တုံးပူတက်သို့ လာရောက်ထိပါးရာ အမြိတ်အစွန် တူမ တော် တစ်ဦးနှင့် ထိမ်းမြားသဖြင့် ရန်ငြိမ်းလေသည်။

၇၆၇–ခုနှစ်တွင် ညောင်ရွှေစော်ဘွား ထောမှိုင်းကြီးလည်း အမှုတော် ထမ်းလို ကြောင်း လျှောက်ထားလာ၍ အမြိတ်အစွန် သမီးတော် တစ်ယောက်နှင့် စုံဖက်ချီးမြှောက် ပေးလေသည်။

၇၇၄–ခုနှစ်တွင် သိန္နီစော်ဘွားက အင်းဝကို လုပ်ကြံမည် ချီလာသဖြင့် မင်းရဲ ကျော်စွာကို စေလွှတ်ရာ မေမြို့အနီး ဆင်ခေါင်းဝက်ဝံအရပ်တွင် သိန္နီစော်ဘွားကို သုတ်သင်၍ သိန္နီရောက် ချီတက်လေသည်။ ထိုနောက် သိန္နီမြို့မပေါက်မီ မွန်အရေးကြောင့် ပြန်ခဲ့ရလေ သည်။

ထို့နောက် ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် မိုးညှင်းစော်ဘွား စလုံ ဝင်ရောက် တိုက်ခိုက်၍ ၈၈၈–ခုနှစ်တွင် သိုဟန်ဘွားက အင်းဝကို တိုက်ယူ အုပ်ချုပ်လေသည်။

mgyoe.com

mgyoe.com

(ဂ) ၉၀၄–ခုနှစ်တွင် သိုဟန်ဘွားကို မင်းကြီး ရန်နောင် လုပ်ကြံပြီးနောက် အင်းဝတွင် အုန်းပေါင်ခုန်မှိုင်းနှင့် မိုးနဲ နရပတိတို့ ဆက်လက် စိုးစံနေကြလေသည်။

တပင်ရွှေထီးလက်ထက် ၉၀၃–ခုနှစ်တွင် ပြည်မြို့သို့ တိုက်သောအခါ အင်းဝမှ ရှမ်းများက ပြည်ဘုရင်ဘက်က တိုက်ခိုက်လေသေးသည်။ သို့ရာတွင် တပင်ရွှေထီးက အရေးသာလေသည်။

ဘုရင့်နောင်လက်ထက်တွင် ရှမ်းနယ်များကိုပါ ဩဇာလွှမ်းမိုးလေသည်။

ထို့နောက် ညောင်ရမ်းမင်း လက်ထက်တွင်လည်း နောက်ဆုံးခုခံနေသော သီနီကိုပါ အောင်မြင်လေသည်။

အလောင်းတရားလက်ထက်တွင်လည်း မိုးညှင်း၊ မိုးကောင်း၊ မိုးမိတ်တို့ကို အောင်မြင်လေသည်။ သီပေါမင်းလက်ထက် မိုးနဲစော်ဘွား ခွန်ချိုင်ယယ် သစ္စာမခံ၍ လက်ဝဲဝင်းမှူးကို ချီတက်စေရာ စော်ဘွားထွက်ပြေး၍ ညီကျမှိုင်းနှင့် မဟာဒေဝီတို့ကို ခေါ်ဆောင်ခဲ့လေသည်။

ဤသို့အားဖြင့် ရှမ်းနှင့်မြန်မာတို့ တစ်ပြန်စီ စိုးမိုးလာလေသည်။

❒

mgyoe.com

mgyoe.com

# [၆]
# ပြည်ပဆက်ဆံရေး

## မဏိပူရနှင့် ဆက်ဆံရေး

မဏိပူရပြည်မှာ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင် မြန်မာပြည်ပ၌ တည်ရှိသော်လည်း မြန်မာ့လက်အောက်ခံပိုင်နယ်မြေ ဖြစ်ခဲ့ဖူးလေသည်။

ဘုရင့်နောင်လက်ထက် ၉၁၂–ခုနှစ်တွင် မဏိပူရကသည်း စော်ဘွားက မြန်မာနယ်စပ်ဖြစ်သော ကလေး၊ မင်းကင်းနယ်များကို ထိပါးလာသဖြင့် ချီတက်တိုက်ခိုက်ရာ ကသည်းစော်ဘွားက သမီးတော်ကို ဆက်သသဖြင့် ပြန်ခဲ့လေသည်။ ကသည်းပြည်နယ်မှ ကသည်းများကို ခေါ်ယူခဲ့ပြီး နိုင်ငံတော်တွင် ရက်ကန်းအတတ်၊ ဖန်ချက်အတတ်၊ ဆပ်ပြာ၊ ကြေးနီချက်လုပ်မှု လုပ်ငန်းများတွင် လုပ်ကိုင်စေလေသည်။

ထို့နောက် မဏိပူရ ကသည်းတို့သည် အင်းဝမဟာဓမ္မရာဇာဓိပတိမင်း လက်ထက်တွင် ၂ နှစ် တစ်ကြိမ်၊ ၃ နှစ် တစ်ကြိမ်ခန့် မြန်မာနိုင်ငံတော်သို့ ထိပါးလာကြရာ မြန်မာတို့က ကောင်းစွာ မခုခံနိုင်၍ ၁၀၉၉–ခုနှစ်တွင် အင်းဝမြို့အနီးသို့ ရောက်အောင် လာရောက်ဖျက်ဆီးသွားကြလေသည်။

ထိုမဟာဓမ္မရာဇာဓိပတိမင်း လက်ထက်တွင် မဏိပူရစော်ဘွား တစ်ယောက် ဖြစ်သော ဟုံဆိုသူကမူ မိမိတူမတော် တစ်ပါးကို အင်းဝမင်းထံလာ၍ ဆက်သရာ မဟာဒေဝီဘွဲ့ဖြင့် မိဖုရားမြှောက်ခြင်း ခံရလေသည်။ ထိုသို့ ပေးဆက်သည်ကို စော်ဘွားဟုံ၏သား ဆနာဟုံဆိုသူက အဖကို သတ်၍ ထီးနန်းလုယူ အုပ်ချုပ်လေ၏။ ထိုအခါ ညီခူရာလတ်ပ ဆိုသူက အဖသတ်သူဟုဆိုကာ ဆနာဟုံကို နန်းချပြီး နန်းတက်လေရာ ဆနာဟုံ၏ညီ ဇင်းကွဲတာပန်က ခူရာလတ်ပကို နန်းချပြန်၏။ ဇင်းကွဲတာပန်ကို ခူရာလတ်ပ၏သားက

mgyoe.com

mgyoe.com
နန်းချပြန်လေ၏။ ထိုအခါ ဇင်းကွဲတာပန်က အလောင်းဘုရားထံသို့ အကူအညီ တောင်းလာလေသည်။ ထိုအခိုက် ဇင်းကွဲတာပန် ရွှေဘိုဒ္ဓပင် အနိစ္စရောက်သော်လည်း အလောင်းဘုရားက နန်းတွင်းရေးကို ရှင်းလင်းရန် ၁၁၂၀–ပြည့်နှစ်တွင် ချီတက်လေသည်။

ကသည်းတို့ မခံနိုင်၍ ထွက်ပြေးကြပြီး ကသည်းအမတ် ၇ ယောက်သည် သမီး ၇ ယောက်ကို ဆက်ကာ ခိုလာ၍ ကသည်းစော်ဘွား၏ နှမတော် တစ်ယောက်ကိုလည်း ရရှိ၍ စေပါးရလေသည်။ ထိုနောက် ကသည်းမြို့တွင် အဆက်အလက် အရိုးမှန်သသူသာ ကြီးပွားစေရမည်ဟု ကျောက်စာထိုး၍ အမတ် စန္ဒရော်မော်နီကို အုပ်ချုပ်စေကာ ပြန်ခဲ့ကြလေသည်။

မဏိပူရကို အောင်နိုင်သဖြင့် မြင်းမှုထမ်း၊ ဗေဒင်တတ်သူ၊ ရက်ကန်းတတ်သူ အများကိုလည်း ရရှိလေသည်။

ထို့နောက် ဆင်ဖြူရှင်လက်ထက် ၁၁၂၆–ခုနှစ်တွင် မဏိပူရကသည်း ပြည်၌ ထီးနန်းသစ်ထူ၍ မြန်မာမြို့ရွာစွန်များသို့ ထိပါးလာသောကြောင့် ကိုယ်တော်တိုင် ချီတက်နှိမ်နင်းရပြန်လေသည်။ ထိုနောက် ၁၁၃၁–ခုနှစ်တွင် တစ်ဖန် ထကြွပြန်၍ ဗိုလ်မှူးကြီး မဟာသီဟသူရသည် ချီတက်နှိမ်နင်း အောင်မြင်ပြန်လေသည်။

ထို့နောက် ဘိုးတော်ဘုရားလက်ထက်တွင် မဏိပူရကသည်း ညီနောင်တို့သည် ၁၁၆၈–ခုနှစ်တွင် တစ်ကြိမ် မသင့်မတင့်ဖြစ်ရာ မြန်မာဘုရင်၏ ဆုံးဖြတ်ချက်အရ ပြေအေးပြီးနောက် ၁၁၇၅–ခုနှစ်တွင် မသင့်မတင့် ဖြစ်ပြန်၍ ညီတော် ဇူပရာဇာ ခိုဝင်လာရာ ဘိုးတော်ဘုရားက စေ့စပ်ရန် နောင်တော် မဟာရာဇာကို ခေါ်သည်တွင် မလာမရောက် ထွက်ပြေးသောကြောင့် ညီဇူပရာဇာကို နန်းတင်ပေးလေသည်။

ထို့နောက် ဘကြီးတော်မင်းလက်ထက်တွင် မဏိပူရစော်ဘွား မဟာရှိန်ရာဇာသည် ကျေးဇူးသစ္စာမသိ၊ ဖီဆန်ပြန်၍ သတိုးမင်းရဲကျော်ထင်နှင့် မဟာဗန္ဓုလတို့ကို ချီတက်တိုက်ခိုက်စေရာ ကသည်းစော်ဘွားမှာ ကချာပြည်သို့ ထွက်ပြေး၍ ကသည်းအမတ်ကို မြို့စောင့်ထားခဲ့ပြီး ပြန်ခဲ့ကြလေသည်။ ဤတွင် မြန်မာတို့က ကချာနယ်တွင်းသို့ ချင်းနင်းဝင်ရောက်စေသဖြင့် အင်္ဂလိပ်နှင့် မသင့်မတင့် ဖြစ်သည်။ အင်္ဂလိပ်က ၁၁၂၃–ခုနှစ်ကတည်းကပင် မဏိပူရကို မြှောက်ပေးခဲ့ရာ စော်ဘွား မဟာရှိန်ရာဇာကိုလည်း အကာအကွယ် ပေးထားသည်။

ထို့နောက်တွင် အင်္ဂလိပ်မြန်မာ ပထမစစ်အပြီး ရန္တပိုစာချုပ်အရ မြန်မာတို့က မဏိပူရနှင့် ကချာနယ်တို့အရေးကို စွက်ဖက်ခြင်း မပြုရတော့ချေ။

* * *

mgyoe.com